ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၃၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ကို လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက် ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၇၆.၇၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေး။ ဦးငွေးရယ်၊ ကယား(၇)၊ ၎င်းအတိုင်း။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ၎င်းအတိုင်း။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ၎င်းအတိုင်း။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ၎င်းအတိုင်း။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ၎င်းအတိုင်း။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ စိစစ်ရေးပူးပေါင်းကော်မတီအစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ သားမင်္ဂလာဆောင်ကိစ္စ။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ Forum ဆွေးနွေးပွဲတက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်ဝင်း၊ မကွေး(၈)၊ ဆေးခန်းပြ။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ဥပဒေ Workshop တက်ရန်။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ အလုပ်ရုံ ဆွေးနွေးပွဲတက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၃။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေခင်ဗျား။

ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ အခုဆွေးနွေးမယ့် အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းဟာဆိုရင် ကျွန်တော်တို့တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူအပေါင်းက စိတ်ဝင်တစားစောင့်ကြည့်

အကဲခတ်နေကြတာဖြစ်ပါတယ်။ ဒီဥပဒေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ပညာရေးကို ပုံဖော်မယ့် ဥပဒေလည်းဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ရေရှည်အကျိုးစီးပွားအတွက် စဉ်းစားကြဖို့လိုပါတယ်။ ရေးဆွဲလိုက်မယ့်ဥပဒေဟာ သင့်တော်ဖို့၊ ကောင်းမွန်ဖို့၊ လက်တွေ့ကျဖို့ လိုအပ်ပါတယ်။ ဒီအခြေခံပေါ်မှာ မူတည်ပြီးတော့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဆွေးနွေးတဲ့အခါမှာ အချိန်မလုံလောက်နိုင်တဲ့အတွက် ကျွန်တော့်ရဲ့ ဆွေးနွေးမယ့် ဆွေးနွေးချက်အားလုံးကို ဇယားနဲ့ပြုစုပြီးတော့ ဥပဒေကြမ်းကော်မတီကို ပေးရမှာဖြစ်တယ်ဆိုတဲ့ အကြောင်းကိုလည်း ဥက္ကဋ္ဌကြီးအား တင်ပြလိုပါတယ်။ အချက်အလက်များတဲ့အတွက် ဘာကြောင့်ပြင်ဆင်ချင်တယ်၊ ပြင်ဆင်ဖို့လိုတယ်ဆိုတာကိုလည်း အကျိုးအကြောင်း ဖော်ပြချက်နဲ့ ရှင်းလင်းဖို့ ဒီလွှတ်တော်ကြီးမှာ အချိန်မလုံလောက်နိုင်တဲ့အတွက် ဒီဇယားနဲ့ပဲကျွန်တော်ရှင်းတဲ့အခါမှာ ဒီကြားနာတဲ့အခါမှာ အသေးစိတ်ပြန်ပြီးတော့ ကျွန်တော်တို့ ရှင်းပြချင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ အမှတ်စဉ်(၈)၊ အပိုဒ်(၇)မှာပါတဲ့ ကျွန်တော်တို့ ဒီအဆိုပြုပြဋ္ဌာန်းချက်မှာ လွတ်လပ်သော ပညာရှင်များလို့ဆိုထားတယ်။ နောက်တစ်ခါ ဥပဒေကြမ်းကော်မတီမှာကျတော့ အမှီခိုကင်းသည့် ပညာရှင်များလို့ဆိုထားပါတယ်။ ဒါကိုကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်တာက လုပ်ငန်းကျွမ်းကျင် ပညာရှင်များပါဝင်၍လို့ အဆိုပြုချင်ပါတယ်။

ဒါကြောင့်မို့လို့ ပြည့်ပြည့်စုံစုံဖော်ပြရရင် ကျွန်တော့်ရဲ့ အဆိုပြုတင်ပြချက်က အမျိုးသားပညာရေးအဆင့်အတန်းနဲ့ အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် လုပ်ငန်းကျွမ်းကျင်သော ပညာရှင်များပါဝင်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်လို့ ပြင်ဆင်ချင်ပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၉) အပိုဒ်(၈)မှာပါတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်တာက အရည်အသွေးအာမခံမှုဆိုသည်မှာ ကျောင်းနှင့် ယင်းကျောင်းရှိ သင်ကြား သင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေး မူဝါဒကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်လို့ ပြင်ဆင်လိုပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၁၁) အပိုဒ်(၁၀)မှာရှိတဲ့ အဆိုပြုပြဋ္ဌာန်းချက်နဲ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာက တက္ကသိုလ်ကောင်စီဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ဆရာများမှ ရွေးချယ်သော ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားများမှ ရွေးချယ်သော ကျောင်းသားကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ပညာရှင်များပါဝင်၍ သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်လို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။

နောက်တစ်ခုက အမှတ်စဉ်(၁၃) အပိုဒ်(၁၂)မှာပါတဲ့ အပိုဒ်နဲ့ ပတ်သက်ပြီးတော့ (ဇ) ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။ (ဇ) မှာက နိုင်ငံသားများ၏

မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်းခံစားရရှိရန်ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပြီးတော့၊ (စ) ကိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေ ထပ်မံဖြည့်စွက်ထားတဲ့ ပုဒ်မခွဲ(စ) ကိုတော့ ပယ်ဖျက်လိုပါတယ် ခင်ဗျား။

နောက်တစ်ခုက အမှတ်စဉ်(၁၄)၊ အပိုဒ်(၁၇)မှာပါတဲ့ ဥစ္စာမှာ မူလဥပဒေအတိုင်းပဲ ကျွန်တော့်အနေနဲ့တော့ ပြဋ္ဌာန်းတာက ပိုပြီးတော့ သင့်တော်တယ်လို့ယူဆပါတယ်။ အဲဒီဟာကတော့ မူလဥပဒေရဲ့ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဇ)အတိုင်းပဲ ထားရှိစေလိုပါတယ်။ အဲဒီ (ဇ)ကတော့ သင်ယူလိုသူ၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ် နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေးလို့ ပြင်ဆင်လိုပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၁၄)၊ အပိုဒ်(၁၈)မှာ ပါတဲ့အချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ဒီပြင်ဆင်ချက်မှာ ကျွန်တော်တို့ လွှမ်းမိုးဆိုတဲ့ စကားလုံးကို ဖြုတ်ပြီးတော့ ကျွန်တော်တို့ ပြင်ဆင်လိုပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ချင်တဲ့အချက်အနေနဲ့ ကျောင်းများတွင် ဘာသာရေးအဖွဲ့အစည်းနဲ့ နိုင်ငံရေးအဖွဲ့အစည်းတို့၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေးလို့ ပြင်ဆင်လိုပါတယ်။ လွှမ်းမိုးမှုဆိုတဲ့ စကားလုံးက အများကြီး ကျွန်တော်တို့ ကျယ်ပြန့်တဲ့အတွက် အများကြီးဝေါဟာရနဲ့ပတ်သက်ပြီးတော့ အငြင်းအခုံလုပ်စရာတွေ အများကြီးပေါ်ပေါက်လာနိုင်ပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၁၄)၊ အပိုဒ်(၁၉)မှာ ပါတဲ့အချက်ကို ကျွန်တော့်အနေနဲ့တော့ ဒီဥပဒေကြမ်းကော်မတီရဲ့ ဒီပြင်ဆင်လိုတဲ့အချက်မှာ ဦးတည်ဆိုတဲ့အချက်ကလေးကိုတော့ ပြန်ပြီးထည့်ချင်ပါတယ်။ မူလဥပဒေမှာလည်း ဦးတည်ဆိုတဲ့အချက်ပါ ပါတယ်။ ဒါကြောင့်မို့လို့ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရေးဆိုတဲ့အချက်ကို ပြင်ဆင်လိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အခမဲ့မသင်မနေရဆိုတာပါပါတယ်။ အခမဲ့ဆိုတဲ့နေရာမှာလည်း ခုနကပြောသလို ကျွန်တော်တို့ ကျောင်းသည် သင်ရိုးစာအုပ်လေးတွေပေးပြီး ငွေလေး(၁၀၀၀)ပေးပြီးတော့ အခမဲ့ဆိုတဲ့ခေါင်းစီးကြီးကို ဖြစ်သွားမှာကို ကျွန်တော်တို့အနေနဲ့ စိတ်ပူပါတယ်။

အခမဲ့ဆိုတဲ့အနက်အဓိပ္ပာယ်က မိဘကနေပြီးတော့ ဒီသားသမီး ကျောင်းပညာ သင်ကြားမယ့် ဒီသားသမီးနဲ့ ပတ်သက်ပြီးတော့ နောက်ဆက်တွဲကြည့်စရာမလိုတဲ့ အနေအထားမျိုးကို ကျွန်တော်တို့ဖြစ်စေချင်ပါတယ်။ တကယ်လုပ်မယ်ဆိုရင်၊ အဲဒီနေရာမှာ ခုနကပြောတဲ့ကလေးတွေ ကျွန်တော်တို့နယ်တွေမှာဆိုရင် အများကြီးပြဿနာရှိပါတယ်။ ကလေးတွေ ကျောင်းစိမ်းလေးတွေ၊ ဟုတ်လား တူညီဝတ်စုံလေးတွေဆိုရင် တူညီဝတ်စုံလေးတွေဖန်တီးနိုင်ရမယ်။ တချို့နိုင်ငံတကာမှာဆိုရင် ဘယ်လောက်ထိလုပ်နိုင်သလဲဆိုရင် ကလေးတွေဟာ ဒီကျောင်းစာသင်ချိန်ဟာ နေ့လယ်စာနဲ့ သွားပြီးတိုက်ဆိုင်တယ်ဆိုရင် နေ့လယ်စာပါ ကျွေးရတယ်။

အဲဒီတော့ ခုနကပြောသလို မိဘတွေက အခက်အခဲကြားထဲကနေပြီးတော့မှ တချို့ကျေးရွာမှာရှိနေတဲ့ ဒီ ဆင်းရဲနွမ်းပါးတဲ့ မိဘတွေရဲ့ ဒီကလေးတွေဟာဆိုရင် သူတို့ရဲ့ လုပ်ငန်းခွင်မှာ သွားပြီးတော့ အသုံးပြုနေရတာပါ။ ကလေးတွေကို သူတို့က ဒီလုပ်ငန်းခွင်မှာပါ ကလေးတွေကို ကျွန်တော်တို့အကူအညီခိုင်းနေတာပါ။ အဲဒီကလေးတွေကို ကျောင်းပို့လိုက်တဲ့အခါမှာ မိဘတွေအနေနဲ့ ကလေးရဲ့ လုပ်အားတွေ ဆုံးရှုံးသွားပြီးတော့ အဲဒီကလေးဟာ ကျောင်းပို့လိုက်တဲ့အချိန်မှာ မိဘက ကလေးရဲ့

ဒီကျောင်းပညာရေးနဲ့ ပတ်သက်ပြီးတော့ လုံးဝစိတ်ချရတဲ့ အနေအထားမျိုးကို ရောက်စေချင်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ မိဘက တစ်ဖက်က ကလေးကိုလည်းတစ်ခါပြန်ပြီးတော့ ဟိုပြန်ကြည့်နေရမယ်၊ သူ့ရဲ့ ပညာရေးပိုင်းဆိုင်ရာ ငွေကြေးကုန်ကျမှုတွေကိုလည်း မိဘက တစ်ဖက် တစ်လမ်းက ပြန်ပြီးရှာဖွေ နေရမယ်ဆိုရင် ဒီဟာက လက်တွေ့မှာ ကျွန်တော်တို့ အခက်အခဲတွေအများကြီးတွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေက ကျွန်တော် ကြားနာတဲ့အခါမှာလည်း ဒါတွေကို အသေးစိတ် ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်ပါတယ်။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည် အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရေးဆိုတဲ့အတိုင်းကို ပြင်ဆင်လိုပါတယ်ခင်ဗျား။

နောက်တစ်ခုက အမှတ်စဉ်(၁၅)ပါတဲ့ ဥစ္စာက ကျွန်တော်တို့ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဖွဲ့စည်းခြင်းနဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်များဆိုတာက တကယ်တမ်းပြောရရင် ဒီဟာက အင်မတန် မှ လေးနက်ကျယ်ပြန့်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာက ကျွန်တော်ပြောမယ်ဆိုရင် အချိန်လည်း မလုံ လောက်နိုင်ပါဘူး။ ဒါကြောင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းခြင်းဟာ သက်ဆိုင်ရာ ပညာ ရှင်များနဲ့ ကျေကျေညက်ညက်ဆွေးနွေးညှိနှိုင်းတိုင်ပင်ဖို့ လိုအပ်ပါတယ်။ အချက်အလက်များမှာလေးနက် ကျယ်ပြန့်တဲ့အတွက် ဒီအချိန်တိုအတွင်းမှာ ဆွေးနွေးနိုင်ဖို့ အချိန်မလုံလောက်နိုင်တဲ့အတွက် ကြားနာ တဲ့အခါမှာ ထပ်ပြီးတော့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၁၈)ရဲ့ အပိုဒ်(၂၄)မှာပါတဲ့ ဒီအတိုင်းပဲ ခုနကပြောသလိုပဲ ကျွန်တော်တို့ အခမဲ့ မသင်မနေရ မူလတန်းပညာရေးနဲ့ ပတ်သက်ပြီးတော့ ဒီ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြထားတဲ့ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်ကို အဲဒီနေရာမှာ ဦးတည်ဆိုတဲ့ အချက်လေးထည့်ပြီးတော့ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက် ရေးဆိုတဲ့ မူလပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်းပဲ ဆောင်ရွက်စေလိုပါတယ်။ ပြင်ဆင်လိုပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၁၉) အပိုဒ်(၂၅)မှာပါတဲ့အချက်က ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက် ကို ပယ်ဖျက်ပြီးတော့ မူလပညာရေးဥပဒေအတိုင်းပဲ မူလပညာရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်းပဲ (က)အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်ဆိုတဲ့ မူလဥပဒေအတိုင်းကို ကျွန်တော်တို့ ပြဋ္ဌာန်းလိုပါတယ်။ နောက်တစ်ခု (ခ)အနေနဲ့က မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုး များ၏ ကလေးများအတွက် မိခင်တိုင်းရင်းသားဘာသာစကားဖြင့် သင်ကြား သင်ယူမှုကို ကျင့်သုံးနိုင် သည်ဆိုပြီးတော့ ပြင်ဆင်လိုပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၂၇) အပိုဒ်(၃၄)မှာပါတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဒီပြင်ဆင် ချက်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ မူလဥပဒေအတိုင်း (က)နဲ့(ခ)ရဲ့ မူလဥပဒေအတိုင်း ကို ကျွန်တော်တို့ မဖြုတ်ပယ်ပဲနဲ့ ပြန်ထားစေချင်ပါတယ်။ (က)ကတော့ မူလဥပဒေမှာပါတဲ့ အခန်း(၅) ပုဒ်မ ၂၈ မှာ မူလဥပဒေမှာပါတဲ့ (က) သုတေသနနဲ့ ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေး ဆောင်ရွက်ရမည်။ (ခ) သင်ယူသူများအား ၎င်းတို့၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာ ကျောင်းက သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်ဆိုပြီးတော့ မူလဥပဒေအတိုင်းထားပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်တွေကို (ဂ)အနေနဲ့ တက္ကသိုလ်၏ ဥပဒေကြမ်းကော်မတီကနေပြီး (ခ)အနေနဲ့ရေးထားတာကို (ဂ)အနေနဲ့ အမှတ်စဉ်ပြီးတော့ တက္ကသိုလ်၏စီမံခန့်ခွဲရေးကို တက္ကသိုလ်

ကောင်စီက တာဝန်ယူဆောင်ရွက်ရမည်။ ဥပဒေကြမ်းကော်မတီရဲ့ အချက်(ဂ)ကို နောက်ဆက်တွဲ (ဃ)အဖြစ် အဆင့်မြင့်ပညာကျောင်းများသည် ပညာရေးဆိုင်ရာ လုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲမည်၊ စီမံခန့်ခွဲခွင့်ရှိရမည်လို့ ကျွန်တော်ပြောင်းလဲပြီးတော့ သတ်မှတ်ပေးစေချင် ပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၃၂) ရဲ့ အပိုဒ်(၃၉)မှာပါတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်တော်က မူလဥပဒေမှာပါတဲ့ အခန်း(၅)၊ ပုဒ်မ ၃၇ မူလဥပဒေမှာရှိတဲ့ ပုဒ်မ ၃၇ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် (က) မသန်စွမ်းသူများ ပညာသင်ယူရာတွင် အများနည်းတူ တန်းတူပညာသင်ကြားနိုင်ပါက ပုံမှန်ကျောင်းများတွင် လက်ခံရမည်။ (ခ) ပုံမှန်ကျောင်းများတွင် လက်ခံသင်ယူနိုင်ရန် အခက်အခဲရှိသည့် အထူးလိုအပ်ချက်ဖြစ်သော ကလေးသူငယ်များအတွက် အထူးပညာရေးကျောင်း Special School များ၊ အထူးပညာရေးအစီအစဉ် Special Education Program များဖြင့် သင်ကြားပေးရမည်။ နောက်(ဂ)အချက်အနေနဲ့က ပုဂ္ဂလိက သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများက အထူးပညာရေးကျောင်းများဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်ဆိုတဲ့အချက်ကို ကျွန်တော့်အနေနဲ့ ထည့်သွင်းပြဋ္ဌာန်းလိုပါတယ် ခင်ဗျား။

နောက်တစ်ခုက အမှတ်စဉ်(၃၃) အပိုဒ်(၄၀)မှာပါတဲ့ ဒီ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အမှတ်စဉ်(၃၃) အပိုဒ်(၄၀) မှာပါတာကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းပဲ ကျွန်တော်က မူလဥပဒေ အခန်း(၅)၊ ပုဒ်မ(၃၈)မှာ ဥပဒေကြမ်းကော်မတီက ဝန်ကြီးဌာနနဲ့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် အရပ်ဘက်အဖွဲ့အစည်းများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ဆိုပြီးတော့ ထည့်ပြီးတော့ (က)(ခ)ဆိုပြီးတော့ ဒီလိုရေးထားပါတယ်။ အဲဒီနေရာမှာ ကျွန်တော်က ပုဒ်မ(၃၈) ရဲ့ ခေါင်းစဉ်ကို ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည်လို့ပဲ ထည့်ပြီးတော့ ခုနကပြောတဲ့ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ဆိုတဲ့ အပိုဒ်ကို ချန်လှပ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ်(က)နဲ့(ခ)ကို လက်ခံပါတယ်။ အဲဒီအတိုင်းပဲ ပြင်ဆင်လိုပါတယ်ခင်ဗျား။

နောက်တစ်ခုက ကျွန်တော်တို့ အမှတ်စဉ်(၃၆) အပိုဒ်(၄၃)မှာပါတဲ့အချက်ကို အဲဒီအချက်ကတော့ ကျွန်တော့်အနေနဲ့ မူသဘောကိုပဲ ဆွေးနွေးလိုပါတယ်။ အခု လောလောဆယ်မှာ ဆွေးနွေးလိုပါတယ်။ ဒီသင်ရိုးညွှန်းတမ်းရေးဆွဲတာနဲ့ ပတ်သက်ပြီးတော့ မူလဥပဒေ အခန်း(၇)၊ ပုဒ်မ ၄၀ မှာပါတဲ့ ဒီ အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို အောက်ပါအတိုင်းအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်ဆိုတဲ့ ပါတဲ့အချက်ကို ကျွန်တော့်အနေနဲ့တော့ ဒီနေရာမှာ ထည့်သွင်းလိုတဲ့အချက်က သင်ရိုး ညွှန်းတမ်းရေးဆွဲတာက တကယ်တမ်းမှာ သင်ရိုးညွှန်းတမ်းနဲ့ သက်ဆိုင်တဲ့ ပညာရှင်တွေနဲ့ပဲ သက်ဆိုင် ပါတယ်။ ဒါ ပညာရှင်တွေရဲ့အလုပ်ပါ။ ပညာရှင်တွေရဲ့ အခန်းကဏ္ဍပါ။

ဒါကြောင့်မို့လို့ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းဟာ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းဆိုင်ရာ ပညာရှင်တွေနဲ့ပဲ သက်ဆိုင်ပါတယ်။ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်က တာဝန်ခံပြီးတော့ပဲ ဖွဲ့စည်းသင့်ပါတယ်။ အခုဖော်ပြထားတဲ့ ဖော်ပြချက်က ကော်မရှင်အနေနဲ့ အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီဖွဲ့စည်းမှုကို အတည်ပြုပေးရုံ သက်သက်ကလေးပဲရှိတယ်။ ကော်မတီလို့ ဒီ ကော်မရှင်အနေနဲ့က သူ့အနေနဲ့က အသီးသီးကနေ တင်ပြလာတဲ့ဟာတွေကို စုစည်းပြီးတော့ လက်ခံပေးရုံ သက်သက်ပဲဖြစ်နေတယ်။ အဲဒါကလည်း ပြန်လည်သုံးသပ်စေလိုပါတယ်။

နောက်တစ်ခုက အမှတ်စဉ်(၄၀) အပိုဒ်(၄၇)မှာပါတဲ့ ဥစ္စာကို ကျွန်တော့်အနေနဲ့က အပိုဒ်(၄၇) မှာရေးထားတာကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်ကို ကျွန်တော့် အနေနဲ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အစားထိုးတာတွေကို ပယ်ဖျက်ပြီးတော့ မူလပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်းပဲ ပြင်ဆင်လိုပါတယ်။ အဲဒီနေရာမှာ အခန်း(၇)၊ ပုဒ်မ ၄၃ မှာပါတဲ့ (က) သင်ကြားရေး တွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာ တွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။ (ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသား ဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက် အသုံးပြုနိုင်သည်ဆိုပြီးတော့ ပြင်ဆင်ထည့်သွင်းလိုပါတယ်ခင်ဗျား။

နောက်တစ်ခုအနေနဲ့က အမှတ်စဉ်(၄၀)၊ အပိုဒ်(၄၇)မှာ ပါတဲ့ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ကို အဲဒီနေရာမှာတော့ ကျွန်တော်တို့ ဒီ ပြဋ္ဌာန်းထားတဲ့ မူလပြဋ္ဌာန်းချက်ကို မပယ်ဖျက်ဘဲနဲ့ မူလပြဋ္ဌာန်းထားတဲ့၊ မူလဥပဒေရဲ့ အခန်း(၇) ပုဒ်မ ၄၄ မှာပါပါတယ်ခင်ဗျား။ ဟုတ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၄၄ မှာပါတဲ့ မူလပြဋ္ဌာန်းချက်အတိုင်းပဲ ကျွန်တော်တို့ ထားရှိစေလိုပါတယ်ခင်ဗျား။ ဒီ မူလပြဋ္ဌာန်းချက်က အခန်း(၇)၊ ပုဒ်မ ၄၄ မှာပါဝင်တဲ့ မူလပြဋ္ဌာန်းချက် က၊ ပုဒ်မ ၄၄ က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်လို့ အဲဒီလို ကျွန်တော်တို့ ပြင်ဆင်လို ပါတယ်။ ဒီဟာ ကျွန်တော်တို့ ဒီတင်ပြချက်နဲ့ပတ်သက်ပြီးတော့ ဒါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အကြံပြုတင်ပြချက်လည်း ကိုယ်စားပြုပြီးတော့တင်ပြတာလည်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပညာရေးနဲ့ပတ်သက်ပြီးတော့ တစ်နိုင်ငံ လုံးက စိတ်ဝင်တစားနဲ့ ဒီတိုင်းပြည်ရဲ့ ပညာရေးကိုရေချိန်မြင့်တာကို အားလုံးက မျှော်လင့်နေကြပါတယ်။ ကျွန်တော်တို့လည်းမျှော်လင့်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်ရဲ့ပညာရေးနဲ့ပတ်သက်ပြီးတော့ ချဉ်းကပ်တဲ့ နေရာမှာ စိတ်ကူးစိတ်သန်းတွေနဲ့အလုပ်လုပ်လို့မရဘူးဆိုတာ ဒီမှာရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးတွေရော၊ လွှတ်တော်အတွင်းရောက်နေတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး တွေရော အားလုံး ကျယ်ကျယ်ပြန့်ပြန့်နားလည်ကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကလေးတွေရဲ့ အနာဂတ်ပညာရေးကို ပုံဖော်တဲ့နေရာမှာ ကျွန်တော်တို့စိတ်ကူးစိတ်သန်းတွေနဲ့ ပုံဖော်မမိဖို့ အရေးကြီး ပါတယ်။ လက်တွေ့ ကျွန်တော်တို့တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေမှန်ကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။ အဲဒီလိုမှန်မှန်ကန်ကန်သုံးသပ်နိုင်မှ ကျွန်တော်တို့ ကလေးတွေရဲ့ အနာဂတ်ပညာရေးဟာ တည်ငြိမ်ပါလိမ့်မယ်။ နို့မို့ဆိုရင် အရင်တစ်ချိန်တစ်ခါက ကျွန်တော်တို့ အစမ်းသပ်ခံ ဒီပညာရေးတွေလို ခွဲစိတ်ခန်းထဲက ဖားကလေးတွေ၊ ကြွက်ကလေးတွေလို ကျွန်တော်တို့ ဖြစ်ခဲ့ကြပါတယ်။ ဖြစ်လည်းဖြစ်ခဲ့ပြီး သွားပြီ။ ကြုံလည်း ကြုံတွေ့ခဲ့ရပြီးသွားပြီ။ ကျွန်တော်တို့။ အဲဒီတော့ ဒီလိုမျိုးမဖြစ်အောင်လို့ လက်တွေ့ကျကျ ချဉ်းကပ်နိုင်ဖို့အတွက် ကျွန်တော်တို့ အကြံပြုနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းလိုက်ပြီဆိုရင် အဲဒီဥပဒေဟာ ပြည်သူလူထုကိုယ်တိုင်က လိုက်နာနိုင်တဲ့ဥပဒေဖြစ်ဖို့လိုပါတယ်။ ဒါမှ ဒီဥပဒေဟာ သက်ရောက်မှုဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုက အမှန်တကယ်လိုက်နာနိုင်မယ့် ဥပဒေဖြစ်ဖို့ဆိုတာ လက်တွေ့ကျဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆွေးနွေးတင်ပြနေတဲ့ ဆွေးနွေးတင်ပြချက်ဟာ စိတ်ကူးစိတ်သန်းတွေနဲ့ ကျွန်တော်တို့ တင်ပြခြင်းမဟုတ်ဘဲနဲ့ လက်တွေ့တိုင်းပြည်ရဲ့အခြေအနေမှာ ပကတိဖြစ်ပျက်နေတဲ့ အခြေအနေကနေပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် ပညာရေးကို ဘယ်လိုအခြေမြှင့်မလဲ ဆိုတဲ့အမြင်နဲ့ တွေးခေါ်မှုတွေနဲ့ ကျွန်တော်တို့စဉ်းစားပြီးတော့ လွှတ်တော်ကြီးထဲမှာ တင်ပြခြင်းဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးလေးစားစား တင်ပြရင်းနဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ရင်းကျွန်တော်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အရင်ပြဋ္ဌာန်းခဲ့တဲ့အမျိုးသားပညာရေးဥပဒေကို ကျွန်တော် ထောက်ခံခဲ့ ပါတယ်။ ခေတ်မီမှု၊ ပွင့်လင်းမှု၊ ဒီမိုကရေစီဆန်မှုမှာ ဒါဟာ တံခါးတစ်ချပ်ဖွင့်ပေးလာတယ်လို့ ယူဆတဲ့အတွက် ကျွန်တော် ထောက်ခံတာ ဖြစ်ပါတယ်။

အခုပြင်ဆင်ထားတဲ့ ဒီအမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတာတွေနောက် ဒီ ကျောင်းသားကော်မတီတွေက အဆိုပြုထားတာတွေကိုလည်း ကျွန်တော် ထောက်ခံသဘောကျပါတယ်။ ဒီ တံခါးနှစ်ချပ်ဖွင့်ပေးတယ်လို့ယူဆပါတယ်။ အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကတော့ နည်းနည်းရှိမှာပါပဲ။ ဒါပေမဲ့အဲဒါတွေကိုကျော်လွှားနိုင်ရင်လည်း သူများနိုင်ငံမှာ အနှစ်တစ်ရာလောက်စောပြီး ပေါက်ရောက်ခဲ့တဲ့ခရီးတွေကို ကျွန်တော်တို့က ဒီ အချိန်တိုတိုအတွင်းမှာ ရောက်သွားမှာဖြစ်လို့ ထောက်ခံခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေဆိုတာကတော့ ဒီရှေ့နောက် ညီညွတ်ဖို့လိုတယ်။ ချောမွေ့ဖို့ လိုပါတယ်။ တချို့နေရာတွေမှာ ဖွင့်ထားပေးပြီးတော့ တချို့နေရာမှာ ပိတ်ထားရင်လည်း အဲဒါက ရှေ့နောက်မညီပါဘူး။ ဘက်မညီဘူး။ မပြေပြစ်ဘူး။ အချိုးအစား မညီဘူး ဖြစ်နေပါတယ်။ ဆိုတော့ အဲဒီအမြင်နဲ့ ကျွန်တော်ဒီဥပဒေကို ဆွေးနွေးပြီးတော့ ကျွန်တော် အကြံပြုသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ဇယားကို ကျွန်တော်ဆွေးနွေးအကြံပြုမှာဖြစ်ပါတယ်။ ဘေးတိုက်ဇယား စာမျက်နှာ(၄)ပါ။ ညာဘက် စာတိုင်အောက်ဆုံး အပိုဒ်(င)၊ အပိုဒ်(၇)တွင် (၃)ပါ။ အဲဒီမှာဖော်ပြထားတာက တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင်ရွေးချယ် လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာ အထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သွားရောက်မည့်တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ်ထားရှိရေးဆိုတာ ဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်အပိုင်းနှစ်ပိုင်းခွဲပြီးဆွေးနွေးအကြံပြုချင်ပါတယ်။

ပထမအပိုင်းအဖြစ် ဒီဖော်ပြချက်ဟာ မပြတ်မသားဖြစ်နေတာတွေ့ရှိရပါတယ်။ တက္ကသိုလ်ဝင်ရောက်ခွင့်ကို ရမှတ်ဖြင့်လည်းဆုံးဖြတ်နိုင်တယ်။ တက္ကသိုလ်ကလည်း စိစစ်ဆုံးဖြတ်နိုင်တယ်ဆိုတဲ့ သဘော ဖြစ်နေပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ရမှတ်ကလည်း တစ်ဝက်နီးပါးလောက် အရေးပါသလို ဖြစ်နေပါတယ်။ ဒီဟာကအရေးပါတယ်ဆိုတာကို ဝိဝါဒကွဲပြားပြီး အငြင်းပွားနိုင်ပါတယ်။ အမှန်ဆိုရင် တက္ကသိုလ်က လိုအပ်တာ၊ စိစစ်တာက အဓိကဖြစ်နေပါတယ်။ Entrance စာမေးပွဲနဲ့ စိစစ်တာမျိုးက အဓိက ဖြစ်သင့်ပါတယ်။ လွဲရင်တော့ ဒီဆယ်တန်းအောင်တဲ့အမှတ်ကို ကြည့်ရမယ်ဆိုတာက သာမည ကိစ္စဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် ဆယ်တန်းစာမေးပွဲကိုတောင်မှ စစ်ဆေးတာမရှိပါဘူး။ အဲဒါ ကြောင့် ဒီအပိုင်းရဲ့နောက်ဆုံးစကားရပ်ကို ကျွန်တော်ဒီလိုပြင်ချင်ပါတယ်။ တက်ရောက်မည့် တက္ကသိုလ်၏ လိုအပ်ချက်ကို အဓိကထားသော စိစစ်ရွေးချယ်သည့် စနစ်ထားရှိရေးလို့ ပြင်ဆင်လိုပါတယ်။ နောက် ဒုတိယအပိုင်းအနေနဲ့ ဒီအပိုဒ်ခွဲငယ်(၃)မှာပဲ အခြေခံပညာအထက်တန်းစာမေးပွဲရမှတ် ဆိုတာ ပါရှိပါတယ်။ အဲဒါက မြန်မာနိုင်ငံက ဆယ်တန်းစာမေးပွဲရမှတ်ကို ဆိုလိုတာ ဖြစ်ပါတယ်။ ဆိုတော့ နိုင်ငံခြား ရောက်နေတဲ့ မြန်မာတိုင်းရင်းသားတွေအပြင် မြန်မာနိုင်ငံမှာလာပြီး စာသင်ချင်တဲ့ နိုင်ငံခြားသားတွေဟာ နိုင်ငံခြားမှာအဲဒီအဆင့်မျိုးကို အောင်မြင်ပြီး ဒီကတက္ကသိုလ်တွေကို လာတက်တဲ့အခါမှာ အတားအဆီး၊ အခက်အခဲတွေရှိနိုင်ပါတယ်။ သူတို့အတွက်လည်း ဒီဥပဒေတွေဟာ တံခါးဖွင့်ပေးထားရမှာ ဖြစ်ပါတယ်။ ဒီခေတ်မှာက တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပညာကူးလူးသင်ကြားကြတာ ဘာမှမဆန်းပါဘူး။ တက္ကသိုလ် တစ်ခုနဲ့တစ်ခုလည်းချိတ်ဆက်ထားတာရှိပါတယ်။

Sister တက္ကသိုလ်ဖွင့်ထားတာကလည်း အများကြီးရှိပါတယ်။ အဲဒါကြောင့် အခြေခံပညာစာမေးပွဲရမှတ်ဆိုတာမှာ အခြေခံပညာအထက်တန်း စာမေးပွဲရမှတ် သို့မဟုတ် ယင်းနှင့်အဆင့်တူသော အမျိုးသား ပညာရေးမူဝါဒ ကော်မရှင်က အသိအမှတ်ပြုသည့် စာမေးပွဲဆိုတဲ့ စကားရပ်ကို အစားထိုးချင်ပါတယ်။ နောက်တစ်ခုကလည်း အဲဒီစာမျက်နှာ(၅)အောက်ဆုံးမှာ ရှိပါတယ်။ အပိုဒ်(၁၂)၊ အခန်း(၄) အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နဲ့လုပ်ပိုင်ခွင့်များ ဖြစ်ပါတယ်။ ၅(က) အစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်ဆိုပြီး ဖွဲ့စည်းတဲ့အခါမှာ လွှတ်တော်ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာန၊ အခြေခံပညာရေး ကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍတွေကရွေးချယ်ပေးတာက ပုဂ္ဂိုလ်(၁၈)ဦးရှိပါတယ်။

ဒီဥပဒေက ရေရှည်သွားရမှာဖြစ်ပါတယ်။ Institution ဆိုတာက များသောအားဖြင့် ဘယ်အခေတ် ဘယ်အခါမှာပဲဖြစ်ဖြစ် အာဏာရပါတီနဲ့ ဆက်နွယ်မှု ရှိပါတယ်။ ဩဇာလွှမ်းမိုးမှုကို ခံရပါတယ်။ လူထုနဲ့ပတ်သက်တဲ့ အမှီအခိုကင်းတဲ့ပညာရှင်က (၆)ဦးလောက်ပဲ တွေ့ရပါတယ်။ ဆိုတော့ စုစုပေါင်း(၂၄)ဦးမှာ ပါတီတွေရဲ့လောင်းရိပ်အောက်ဩဇာလွှမ်းမိုးမှုက လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ ပညာရှင်ဦးရေထက် (၃)ဆ များနေတာတွေ့ရပါတယ်။ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးဆိုတာကလည်း ဒီပထမအုပ်စုကပဲ ဖြစ်ဖို့များပါတယ်။ အဲဒါကြောင့် လူထုအခြေခံ အမှီအခိုကင်းတဲ့ ပညာရှင် အရေအတွက်ကို ဒီထက်တိုးဖို့သင့်ပါတယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ နောက်တစ်ခုက ဘေးတိုက်ဇယား၊ စာမျက်နှာ(၁၆) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ်(၂၉) ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်။ ၄၀(က) ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

အဲဒီလိုဆိုရာမှာ(ဆဆ)ထိ ကော်မတီဦးရေ(၁၅)ဦးခန့်ပါရှိပါတယ်။ ဒီနေရာမှာ ယဉ်ကျေးမှုတို့ သမိုင်းရေးရာကိစ္စတို့ ပါဝင်လာပါတယ်။ ဒါတွေက သိမ်မွေ့တဲ့ကိစ္စတွေဖြစ်ပါတယ်။ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ဟာ ဒီသမိုင်းဖော်ပြချက် သင်ရိုးတွေနဲ့ပတ်သက်ပြီးတော့ ပါတနာဖြစ်နေတာလည်း ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တိုင်းရင်းသား လူဦးရေပေါင်း မျိုးစုံရှိတဲ့အတွက် အဲဒီ ပုဒ်မ ၄၀(က) အဆုံးမှာ (ဇဇ) အဖြစ် နောက်ထပ်တိုးပြီးတော့ ဖော်ပြချင်ပါတယ်။ ပြည်ထောင်စု တိုင်းရင်းသား ရေးရာဝန်ကြီးဌာနက ရွေးချယ်ပေးသည့် ပညာရှင်နှစ်ဦးကို ထည့်စေချင်ပါတယ်။ နောက်တစ်ခုက စာမျက်နှာ(၁၉) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် ၃၉ အောက်ဆုံး မှာပါ။ အခန်း(၉) ပုဒ်မ ၅၀ ဖြစ်ပါတယ်။ ဆရာများသည်ဆိုပြီးတော့ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ) လေးခု ပါရှိပါတယ်။ ဒီအထဲက ပုဒ်မခွဲ(က)မှာ လွတ်လပ်စွာသုတေသနပြုခွင့်ရှိရမည်။ (ခ)မှာ သင်ယူမှု ဖွံ့ဖြိုးရေးအတွက် နည်းစနစ်များကို လွတ်လပ်စွာရွေးချယ်ခွင့် ရှိရမည်လို့ဖော်ပြထားပါတယ်။ ဒီနှစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၆ နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ပုဒ်မ ၃၆၆ မှာ ဒီလိုဖော်ပြထား ပါတယ်။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ပေးသော ပညာရေးဆိုင်ရာ မူဝါဒများနဲ့အညီ၊ ပုဒ်မခွဲ(ဂ) သိပ္ပံပညာ စူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာ ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ထိုးထွင်းမှုနဲ့ ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာသုတေသန ဖော်ထုတ်ခွင့်ရှိသည်လို့ ဖော်ပြထား ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတာက ပိုပြီးတော့တောင်မှ ပြည့်စုံပါတယ်။ လွတ်လပ်စွာ ဆိုတဲ့ စကားလုံး ပါပါတယ်။ သုတေသနပြုတာ ပါပါတယ်။ ဖော်ထုတ်တာပါပါတယ်။ ဆောင်ရွက်ခွင့်ရှိတာ ဆိုတာ ပါပါတယ်။ ဆိုတော့ ဒီပုဒ်မခွဲ(က)နဲ့ (ခ) မှာထက် အဲဒီမှာ ဖော်ပြတာက ပိုပြီးတော့ ကောင်းပါတယ်။

နောက်ပြီးတော့ နိုင်ငံသားတိုင်းမှာ အဲဒါက ရနေတဲ့အခွင့်အရေးဖြစ်ပါတယ်။ ဆိုတော့ အခုက ဒီမှာ ဆရာများသည်ဆိုတဲ့ အတွက် ဆရာတွေကပဲ ဒီ(က)၊ (ခ)၊ (ဂ)၊ (ဃ) ဆိုတဲ့၊ မှာပါတဲ့ ဟာ တွေကိုရနေတာ ဖြစ်ပါတယ်။ ဆိုတော့ ဒီအခွင့်အရေးတွေကို ကျောင်းသားတွေကလည်း ရရှိသင့်ပါ တယ်။ ဒီအခန်းကတော့ ဆရာများနဲ့ပတ်သက်တဲ့အခန်းဖြစ်ပါတယ်။ ဆိုတော့ ဒီကျောင်းသားတွေနဲ့ ပတ်သက်တဲ့ အခန်းမှာ ဒီပုဒ်မခွဲ(က)၊ (ခ) နဲ့(ဃ)တွေကို ထည့်ပေးစေလိုပါတယ်။ နောက်ပြီးတော့ ဒီ ဆရာများသည်ဆိုပြီး ထိပ်စည်းမှာဖော်ပြထားတဲ့ အတွက်ကျောင်းသားများက မရရှိသလို ဖြစ်နေပါ တယ်။ တစ်ခုက ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်တွေမှာ ဒီကျောင်းသားအဆင့်တွေဟာ သွားပြီးတော့ ပညာသင်ယူကြတာရှိတယ်။ နောက်ပြီးတော့ သုတေသနပြုနေကြတာတွေရှိပါတယ်။ အဲဒါကြောင့် ဒီ ဥပဒေနဲ့သင့်တော်တဲ့နေရာမှာ ကျောင်းသားများအတွက် ဒီ ပုဒ်မ ၅၀ ကို နောက်ထပ် ဖြည့်ပြီးတော့ လိုအပ်တယ်ဆိုတာကို ဆွေးနွေးရင်း ကျွန်တော် နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့လွှတ်တော်အစည်းအဝေး ကို တက်ရောက်လာတဲ့ ပညာရှင်၊ ကော်မရှင်မှပညာရှင်ကြီးများအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအမျိုးသားလွှတ်တော်က အမျိုးသားပညာရေးဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းရဲ့အပေါ်မှာ (၁)ကောင်းမွန်ခြင်း၊ (၂)သင့်တော်ခြင်း၊ (၃)လက်တွေ့ကျခြင်း ဆိုတဲ့ အချက်(၃)ချက်အပေါ်မှာ အခြေခံပြီးတော့ အပြုသဘောနဲ့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်ပြီးတော့ နိုင်ငံသားအားလုံးလိုလို စိတ်ဝင်စားနေတဲ့ အမျိုးသားပညာရေးဟာ ကောင်းမွန်တဲ့ပညာရေးဖြစ်ဖို့ လိုပါတယ်။ သို့သော်လည်း အမေရိကန်နိုင်ငံအတွက် ကောင်းမွန်တဲ့ပညာရေးဟာ ကျွန်တော်တို့နိုင်ငံအတွက်ကောင်းမွန်ချင်မှကောင်းမွန်မှာပါ။ ဒီလိုပါပဲတရုတ်နိုင်ငံအတွက် ကောင်းမွန်တဲ့ပညာရေးဟာ ကျွန်တော်တို့နိုင်ငံအတွက် ကောင်းမွန်ချင်မှ ကောင်းမွန်မှာပါ။ ကောင်းမွန်တယ်ဆိုရင်လည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးထမ်းစရိုက်တွေနဲ့ သင့်တော်ဖို့ လိုလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဒီလိုသင့်တော်ဖို့လိုလိမ့်မယ်လို့ ထင်မြင်ယူဆပါတယ်။ ကောင်းမွန်ပြီးသင့်တော်ပြန်တော့လည်း နိုင်ငံရဲ့ ပထဝီ အနေအထား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေအထား၊ Infrastructure ပြည့်စုံမှု အနေအထား၊ ဆရာနဲ့ ကျောင်းသားအချိုး မမျှတမှုနဲ့ ဆရာ၊ ဆရာမများရဲ့ အရည်အသွေး နဲ့ ရင့်ကျက်မှုတွေကို ပကတိအရှိ တရားအတိုင်း မှန်မှန်ကန်ကန် သုံးသပ်ကြည့်ပြီးတော့ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လည်းလိုလိမ့်မယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့ကောင်းမွန်သင့်တော်ပြီးတော့ လက်တွေ့ကျမယ့် အမျိုးသား ပညာရေးဥပဒေ တစ်ရပ်ဖြစ်ဖို့ အထူးလိုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဥ်းပြီးတော့ ကျွန်တော့်ရဲ့ထင်မြင်ယူဆချက်နဲ့ပြင်ဆင်အဆိုပြုချက်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကျွန်တော်တို့ကန့်လန့်ဖြတ်ဇယား(၁၉)၊ စာမျက်နှာ (၁၉)စဥ် (၄၈)အဲဒီမှာ ကျွန်တော်တို့ ဒီဘက်အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ အဲဒီမှာ ကျွန်တော်တို့အနေနဲ့ အမျိုးသားလွှတ်တော်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကော်မတီမှ အသစ်ဖြည့်စွက်ထားသည့် ဥပဒေကြမ်း ပုဒ်မ ၄၉(က)နဲ့ ပုဒ်မ ၄၉(ခ) တို့ကို အဆင့်မြင့်ပညာရေးတွင်သာ ထည့်သွင်းသွားမည်ဆိုပါက ပိုမိုအဆင်ပြေလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဒါ ထင်မြင်ယူဆချက်ပါ။

နောက်တစ်ခုက ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂၀) နောက် စဥ်(၅၂) အပိုဒ်(၅၇) မှာ အဲဒါကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်း ထားသော်လည်းပဲ ကျွန်တော့်အနေနဲ့ကတော့ မူလဥပဒေရဲ့ ပြဋ္ဌာန်းချက်အတိုင်းကိုပဲ ထားလိုပါတယ်။ မူလဥပဒေမှာ ပညာရေးအရည်အသွေးနဲ့ အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဥ်နှင့် ပြင်ပမှ အရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဥ်တို့ ပါဝင်ရမည်လို့ ကျွန်တော်တို့ မူလဥပဒေအတိုင်းပဲ ထားလိုပါတယ်။ နောက်တစ်ခု အဲဒီ စာမျက်နှာ(၂၀) က စဥ်(၅၃)မှာ အဲဒီကတော့ စောစောက ကိုယ်စားလှယ်ကြီးလည်း ဆွေးနွေးသွားပါတယ်။ အဖွဲ့အစည်းဖွဲ့စည်းတဲ့နေရာမှာ ဒီဥစ္စာကော်မရှင်သည် အမျိုးသားပညာရည် အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဆိုတာ ပေးထားလိုက်တဲ့အတိုင်းပဲ ဖွဲ့စည်းပေးရမယ့် အနေအထားမျိုးကိုပဲ တွေ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဖွဲ့စည်းတဲ့နေရာမှာလည်း လုပ်ငန်းကျွမ်းကျင်တဲ့ ပညာရှင်တွေကို အဓိကထားပြီးတော့ အမျိုးသားပညာရေးမူဝါဒကော်မရှင် ကနေပြီးတော့ လွတ်လွတ်လပ်လပ် ဦးဆောင်ပြီးတော့ ရွေးချယ် ဖွဲ့စည်းသင့်

ပါတယ်။ နောက် ကော်မတီမှာပါဝင်တဲ့ လူဦးရေနဲ့ Criterion အရည်အချင်း သတ်မှတ်ချက်တွေကို နည်းဥပဒေမှာ ထည့်သွင်းရေးဆွဲသင့်ပါတယ်လို့ အဆိုပြုတင်ပြလိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒီခေါင်းစဉ်မှာ ကန့်လန့်ဖြတ်ဇယား(၂၁)၊ စဉ်(၅၄)မှာ အဲဒီတော့ သူက အခန်း(၁၀)ရဲ့ ခေါင်းစဉ်မှာ ပညာရေးစီမံခန့်ခွဲမှုဆိုတဲ့ အခန်းမှာ အဲဒီစီမံခန့်ခွဲမှုအခန်းမှာ ဒီအဆိုပြု ပြဋ္ဌာန်းချက်ရော၊ ဒီ အမျိုးသားလွှတ်တော်ဥပဒေကြမ်းက ပြင်ဆင်ချက်ကလည်း ပညာရေး စီမံခန့်ခွဲမှုကိုပဲ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ မူလဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပညာရေး စီမံခန့်ခွဲမှုနဲ့ ကြီးကြပ်မှုဆိုတာကို ပြန်လည်ပြီးတော့ပြင်ဆင်လိုပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က Education Management Moratorium ပါ။ စီမံခန့်ခွဲမှုတွေ ဘယ်လောက်အားကောင်းပြီးတော့ စီမံခန့်ခွဲမှုတွေနောက်မှာ ဘယ်လောက်လိုက်ပါပြီး ဆောင်ရွက်နိုင်သလဲ။ ဘယ်လောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်လဲဆိုတဲ့နေရာမှာ Moratorium မလုပ်နိုင်ဘူးဆိုရင် ဘယ်လိုမှဒီပညာရေးဟာ အောင်မြင်မှာမဟုတ်ပါဘူး။ ဒါကြောင့် မူလဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ခေါင်းစဉ်ပညာရေးစီမံခန့်ခွဲမှုနဲ့ ကြီးကြပ်မှုဆိုတဲ့ ခေါင်းစဉ်ကိုပဲ ပြန်လည်ပြီးတော့ ပြဋ္ဌာန်းသတ်မှတ်ပေးဖို့ အဆိုတင်သွင်းပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီကန့်လန့်ဖြတ်ဇယား(၂၁)မှာ (၂၁)စဉ် (၅၅)ပါ။ အဲဒီမှာကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ အဲဒီတော့တက္ကသိုလ်ကောင်စီနှင့် အုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနဲ့အညီ စီမံခန့်ခွဲရမည်လို့ ပြင်ဆင်ထားတာတွေ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ရှေ့မှာ စာမျက်နှာ(၂) အမှတ်စဉ်(၁၀) အပိုဒ်(ဇ)မှာ အဲဒါကို ကျွန်တော်တို့က အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂(သ) ကို အောက်ပါအတိုင်း အစားထိုးရမည် ဆိုပြီးတော့ အဆိုပြုချက်ပေးပါတယ်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဆိုသည်မှာ ကျောင်းများတွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘ သို့မဟုတ် အုပ်ထိန်းသူ ကိုယ်စားလှယ်များ၊ ရပ်/ရွာမှ လေးစားယုံကြည်သူများ ပါဝင်သောအဖွဲ့ကို ဆိုသည်ဟု ဒါကိုအဆိုပြု ပြဋ္ဌာန်းထားပါတယ်။ အဲဒါကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပယ်ဖျက်သည်လို့ ပြောပါတယ်။ ဒါဆို ပယ်ဖျက်တယ်ဆိုလို့ရှိရင် မူလဥပဒေကြမ်းကို အတည်ပြုတယ်လို့ ကျွန်တော်တို့ ဒီလိုနားလည်ပါတယ်။

ဒါဆို မူလဥပဒေကြမ်းကို အတည်ပြုတဲ့အခါ မူလဥပဒေကြမ်းရဲ့ ၂(သ)ကို ကျွန်တော်တို့ ပြန်ကြည့်လိုက်တဲ့အခါမှာ မိဘဆရာအသင်းဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေးတို့ကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့အတူ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ကို ဆိုလိုသည်ဆိုတာကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ထောက်ခံတယ်လို့ ယူဆပါတယ်။ ရှေ့မှာ ပယ်ဖျက်ထားတဲ့ဥစ္စာကို နောက် ဥပဒေကြမ်းမှာ ကျောင်းအုပ်ချုပ်ရေးအဖွဲ့လို့ ပြန်လည်ထည့်သွင်းထားတာဟာ ရှေ့နောက် ညီညွတ်မှုရှိရဲ့လားလို့ ကျွန်တော်တို့ မေးစရာ ဖြစ်ပါတယ်။ ဒါမှမဟုတ်လို့ ရှိရင်လည်း ကျွန်တော်တို့ အချိန်မလောက်ငှမှုနဲ့ အလျင်အမြန် ဆောင်ရွက်ခြင်းရဲ့ အားနည်းချက်တစ်ရပ်လားလို့ မေးစရာ ရှိပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ စာမျက်နှာ ကန့်လန့်ဖြတ်ဇယား(၂၂)၊ စဉ် (၅၇) အဲဒါကတော့ ကျွန်တော်တို့ ပယ်ဖျက်သည်ဆိုတာကိုတော့ ကျွန်တော်တို့ လက်ခံပါတယ်။ ဒီ အောက်က (င)

ကိုလည်း ကျွန်တော်တို့ လက်ခံပါတယ်။ (ခ)ကိုတော့ ကျွန်တော်တို့ မူလဥပဒေအတိုင်း ပြန်လည်ပြီးတော့ ထားလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယား (၂၃)ပါ၊ ဒီ (၆၀)မှာ၊ ဝန်ကြီးဌာနသည် ကိုယ်ပိုင်၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများ၊ အဲဒါကို ကျွန်တော်တို့က အဲဒီ ဝန်ကြီးဌာနဆိုတဲ့ဥစ္စာကို ကော်မရှင်သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်လို့ မူလဥပဒေပြဋ္ဌာန်းချက် အတိုင်းကိုပဲ ပြဋ္ဌာန်းဖို့ အဆိုပြုတင်သွင်းပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယား (၂၃)ပေါ့၊ ကန့်လန့်ဖြတ်ဇယား(၂၃)၊ စဉ် (၆၂)၊ အဲဒီ စဉ်(၆၂)မှာတော့ ကျွန်တော်တို့ ဒီ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ဒါကိုလက်မခံဘဲနဲ့ ဒီဘက်က အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြဋ္ဌာန်းပေးဖို့ ကျွန်တော်တို့ အဆိုတင်သွင်းပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စောစောက အဖွဲ့အစည်းဖွဲ့တဲ့ နေရာမှာလည်း များသောအားဖြင့် ဘာတွေများများတွေ့ရသလဲဆိုလို့ရှိရင် အမှီအခိုကင်းသော ပညာရှင်များဆိုတာကို နာမဝိသေသနပြုပြီးတော့ ထပ်တလဲလဲရေးထားတာ တွေ့ပါတယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့ဟာ ပညာရှင်ဆိုတာ Professional ပါ။ Professional မှန်တယ်ဆိုရင်၊ စစ်တယ်ဆိုရင် Bias ကင်းပါတယ်။ ဘက်လိုက်မှုကင်းပါတယ်။ ဘက်လိုက်မှုရှိနေရင်၊ Bias ရှိနေတယ်ဆိုရင် ဘယ် Professional မှ Professional စစ်စစ်လို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။ ဒါကြောင့် Professional စစ်စစ်၊ ပညာရှင်စစ်စစ်ဖြစ်ဖို့ဆိုရင် ပညာရှင်လို့ သုံးရင်ပဲ လုံလောက်တယ်လို့ ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ ဒီ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက နေပြီးတော့ တင်သွင်းလာတဲ့ အမျိုးသားပညာရေးဥပဒေအပေါ်မှာ ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အထက်မှာ တင်ပြခဲ့တဲ့ တင်ပြချက်များအပေါ် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးစားစားတင်သွင်း အဆိုပြု ဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၀)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၈။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ဦးစောအုန်း ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ဒီနေ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆောင်ရွက်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ ပါတီ၊ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေ၊ ကျောင်းသားတွေပါမကျန် ခေါ်ယူကြားနာပြီးတော့၊ တွေ့ဆုံကြားနာပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဒါ ကျွန်တော်တို့ လက်ခံရမှာဖြစ်ပါတယ်။ ဒီ ဥပဒေကလည်း တစ်ကြိမ်တစ်ခါမှာ ကျွန်တော်တို့ လွှတ်တော်ကို ကျော်ဖြတ်ပြီးတော့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ သမ္မတကြီး လက်မှတ်ရေးထိုးပြီးတော့ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

အဲဒီတော့ မူနဲ့ အခြေခံသဘောကို ကျွန်တော်ဆွေးနွေးပါမယ်။ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေဆိုတာ တစ်နိုင်ငံလုံး အရွယ်မရွေး စိတ်ဝင်စားတဲ့ ဥပဒေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံကို တိုးတက်ဖွံ့ဖြိုးစေချင်ရင် ပညာရေးကို ကျွန်တော်တို့ ပြင်ရပါမယ်။ လက်ရှိပညာရေးကို ကျွန်တော်တို့ ပြင်ရမှာပါ။ ပြင်တဲ့နေရာမှာ ဖွံ့ဖြိုးရေး ပြင်ရင် ပြင်သလောက် ကျွန်တော်တို့ ပြင်တဲ့ ဥပဒေဟာ လက်ခံကျင့်သုံးနိုင်တဲ့ အခြေအနေရှိရင် ရှိသလောက် ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သွားမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ စင်ကာပူနိုင်ငံကို ကြည့်မယ် ဆိုရင် ဒါဘာမှ သယံဇာတလည်း မရှိတဲ့ နိုင်ငံလေးဟာ ဒီ ပညာရေးနဲ့ ကျွမ်းကျင်တဲ့ အတတ်ပညာရှင်တွေကို မွေးထုတ်တဲ့အတွက်ကြောင့် သူ့နိုင်ငံဟာ ဒီကနေ့ဆိုလို့ရှိရင် အာရှမှာချမ်းသာတဲ့ နိုင်ငံ၊ ကမ္ဘာမှာလည်း ချမ်းသာတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်နေပါပြီ။ ဒါကို နမူနာယူကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ ပညာရေးဟာ သူများတန်းတူ အမီလိုက်နိုင်အောင် ကျွန်တော်တို့ ဒါ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့ ပညာရေးကို ကြည့်မယ်ဆိုရင် လက်ရှိကျင့်သုံးနေတာပေါ့၊ ဒီ ဥပဒေမထွက်ခင်၊ ဥပဒေအရမဟုတ်ဘဲနဲ့ လက်ရှိကျင့်သုံးနေတဲ့ ပညာရေးစနစ်က အားရကျေနပ်ဖွယ်ရာမရှိပါဘူး။ အခြေခံပညာမှာပဲ ကြည့်ကြည့်၊ အဆင့်မြင့်ပညာမှာပဲ ကြည့်ကြည့် ကျွန်တော်တို့ ကျင့်သုံးနေတဲ့ စနစ်ဟာဖြင့် ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို မရှေးရှုပါဘူး။ ဒါကြောင့်လည်းပဲ အများပြည်သူအပေါင်းက ပညာရေးကို စိတ်ဝင်တစားနဲ့ ကျွန်တော်တို့ တိုင်းပြည်အနာဂတ်အတွက်ကို အာရုံစိုက်နေတာ ဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့ အခြေခံပညာရေး ဆိုရင်လည်းပဲ ကျွန်တော်တို့

အခုကျင့်သုံးနေတာ တင်စားပြီးပြောမယ်ဆိုရင် ဇွန်းခွံ့တဲ့ ပညာရေးစနစ် ဖြစ်ပါတယ်။ ဇွန်းခွံ့တယ်ဆိုတာ ကျောင်းသူ/ ကျောင်းသားတွေကို ဒီကလေးသူငယ်တွေ ပြုစု ပျိုးထောင်တဲ့အခါမှာ မိခင်လုပ်တဲ့သူက အာဟာရကို ကျွေးတာ၊ ဇွန်းနဲ့ ခွံ့ပြီးတော့၊ ဒါနဲ့ တင်စားတာပါ။ ကလေးက ဝဝလင်လင်စားနိုင်ရဲ့လား၊ စားရဲ့လား၊ လုံလောက်တဲ့ အာဟာရ ရှိရဲ့လား၊ ဒီ ကျွန်တော်တို့ ခွံ့လိုက်တဲ့ အစားအစာမှာ၊ အဲဒီလိုမျိုး ဖြစ်နေပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြုပြင်ပြောင်းလဲတဲ့ နေရာမှာ အခြေခံကျကျ ကျွန်တော်တို့ ပြုပြင် ပြောင်းလဲမှ ဖြစ်မှာပါ။ ရှေ့က ကိုယ်စားလှယ်များ ဆွေးနွေးသွားတဲ့ အတိုင်းပဲ ကျွန်တော်တို့ နိုင်ငံရဲ့ ဒါ စီးပွားရေး၊ လူမှုရေး၊ ယဥ်ကျေးမှု၊ ရိုးရာ ဒါတွေနဲ့လည်း ကျွန်တော်တို့ ချိန်ဆပြီးတော့ ကျွန်တော်တို့ ဒီ ဥပဒေကို ရေးဆွဲရမှာ ဖြစ်ပါတယ်။ သဘောပြောရင် ကျွန်တော်တို့ လက်တွေ့ကျင့်သုံးနိုင်တဲ့ အနေ အထားလည်း ရှိရပါမယ်။ ဥပဒေတစ်ရပ်ကို ထုတ်ပြီးတော့ Rule of law မကျင့်သုံးနိုင်ရင်လည်း ဒီ ဥပဒေက ဘာမှ အဆင်ပြေမှာ မဟုတ်ပါဘူး။ နိုင်ငံကိုလည်း အကျိုးပြုမှာ မဟုတ်ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ ပညာရေးကို ပြုပြင်ပြောင်းလဲစေချင်တဲ့ ဆန္ဒက ကျွန်တော်တို့ သာ မကဘဲနဲ့ ပြည်သူများမှာလည်း ရှိပါတယ်။ တကယ်စဥ်းစားကြည့်ရင် ကျွန်တော်တို့ နိုင်ငံက နိုင်ငံ သားတွေက မွေးလာပြီးတော့ အသက် (၃)နှစ်ကျော်ရင်ပဲ ပညာရေးထဲကို ထဲထဲဝင်ဝင် ခြေလှမ်းစလာ ပြီလို့ ဆိုရမှာပါ။ မူကြို၊ ဒါ မူကြို ပညာရေးဆိုတာလည်း ရှိပြီးသားပါ။ ပြောချင်တာ ကျွန်တော်တို့ ကလေးတွေကို ပညာကို ပေးချင်တာ သိပ်လောဘအား ကြီးနေတယ်။ သို့သော်လည်းပဲ လောဘကြီးရင် ကြီးသလောက် ကျွန်တော်တို့ ကလေးတွေမှာ အကျိုးရှိရဲ့လား၊ ဒါကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့ ထည့်တွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကလေးတွေကို (၃)နှစ် စကားပြောတတ်၊ ဘာတတ်၊ ညာတတ်ကစပြီး ပညာပေးနေတာ ကိုက်ညီရဲ့လား၊ ဒါတွေလည်း ကျွန်တော်တို့ ကလေးတွေက သူ့ရဲ့ဦးနှောက်ဖွံ့ဖြိုးတဲ့ ဉာဏ်ရည်ဖွံ့ဖြိုးတဲ့အချိန်မှာ ပညာပေးခြင်းဟာ ဒါ အကောင်းဆုံး ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ကျင့်သုံးနေတဲ့ ပညာရေးစနစ်ဟာ ကျောင်းမှာ ကျွန်တော်တို့ သင်ကြား နေတဲ့ သင်နည်းစနစ်တွေ၊ Method of teaching တွေ၊ အဆင်ပြေရဲ့လား။ ကောင်းရဲ့လား။ ဒါတွေလည်း ကျွန်တော်တို့၊ ဒီကနေ့ဆိုရင် ကျွန်တော်တို့ ကလေးဗဟိုပြု သင်ကြားရေးစနစ်တွေ၊ ဘာတွေ၊ ညာတွေ။ ကျွန်တော်တို့ ဒါ ကျင့်သုံးနေတာ ဒီလိုလည်း ရှိပါတယ်။ နောက်ပြီး ကျွန်တော်တို့ သင်ကြားနေတဲ့ သင်ရိုး ညွှန်းတမ်းတွေကလည်း ဒီ နိုင်ငံအတွက်ရော၊ ကလေးအတွက်ရော အကျိုးပြုရဲ့လား၊ ဒါတွေလည်း ကျွန်တော်တို့ ဒီ ပြန်ကြည့်ရမယ် ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားပညာရေး ဥပဒေဆိုတာ ကျွန်တော်တို့ တကယ်တမ်းဆိုရင် ဗဟိုထိန်းချုပ်မှုတွေ များနေတယ်။ ဆရာတွေ၊ ကျောင်းသားတွေပါ၊ တက္ကသိုလ် ကောင်စီတွေ ကျောင်းအုပ်ချုပ်ရေးမှာ ပါသေးတယ် ပြောနေမယ့်အစား ကျွန်တော်တို့ နိုင်ငံအတွက် အကျိုးရှိစေမယ့် သင်နည်းစနစ်၊ သင်ရိုးညွှန်းတမ်းဖြစ်ဖို့ ပိုပြီးတော့ အရေးကြီးမယ်လို့ ဒီလိုပဲ ယူဆ ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒါတွေကို အခုရှိနေတဲ့ အခြေအနေက နေပြီးတော့ ဘယ်လိုပြုပြင် ပြောင်းလဲမလဲ။ ကျွန်တော်တို့ ကလေးတွေကို ပြုစုပျိုးထောင်သွားမလဲ။ ဒါလည်း ရှိပါတယ်။

အဆင်မြင့်ပညာလည်း ဒီအတိုင်းပဲ၊ ကျွန်တော်တို့ ဆယ်တန်းရမှတ်နဲ့ တက္ကသိုလ်တွေကို ရွေးချယ်တယ်။ ဒါလည်း ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဖို့၊ ဒီမှာလည်း ဥပဒေကြမ်းမှာလည်း ဒါတွေဟာ ပြောထားဆိုထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကနေ အဆင့်မြင့်ပညာမှာလည်း ပညာသင်ကြားနေတဲ့

ကလေးတွေဟာ ဘယ်လိုသွားနေသလဲ။ ကျွန်တော်တို့ မိဘပြည်သူတွေကလည်း ဘယ်လို ဒီကလေးတွေအတွက် ဘယ်လိုပံ့ပိုးပေးနေရလဲ၊ ဒါတွေလည်း ကျွန်တော်တို့ စဉ်းစားဖို့လိုတယ်။ ကျွန်တော်တို့တုန်းက ပညာသင်ကြားတဲ့ အခါမှာ အဆောင်နေခွင့်ရှိတယ်။ ဒီကနေ့ ကလေးတွေဟာ ကိုယ့်မိဘရပ်ရွာမဟုတ်ဘဲနဲ့ တစ်ခြားတက္ကသိုလ်တွေမှာတက်ပြီးတော့ ပြင်ပမှာ ဒီလိုပဲ နေရပြီးတော့ ဆရာရဲ့ အုပ်ထိန်းမှုအောက်မှာ မဟုတ်ဘဲနဲ့ ကိုယ်ရဲ့အုပ်ထိန်းမှုအောက်မှာ နေရပြီးတော့ မိဘအနေနဲ့လည်း စရိတ်လည်းကုန်တယ်။ ကလေးတွေရဲ့ ဒီ ထိန်းသိမ်းစောင့်ရှောက်မှုမှာလည်း လျော့ရဲသွားတဲ့အခါ ကျွန်တော်တို့ဆိုးကျိုးတွေပဲ ရှိသွားနိုင်ပါတယ်။ ရှိလည်း ရှိခဲ့တယ်။ ဒါတွေလည်း ကျွန်တော်တို့ ဒါ ကြည့်ရမှာပါ။ နောက်ပြီး ကျွန်တော်တို့ ဒီ လက်ရှိဖြစ်နေတဲ့ဟာက ကျွန်တော်တို့ နိုင်ငံသား၊ ကျွန်တော်တို့ ကျောင်းသူ/ကျောင်းသားတွေကို ထိန်းချုပ်မှုကများနေတဲ့သဘောရှိတယ်။ တက္ကသိုလ်ဆရာ/ဆရာမတွေ ကျွန်တော်ဘာကို ဆိုလိုသလဲဆိုရင် ပညာသင်ကြားခွင့်ကို လွတ်လပ်စွာ ပညာသင်ကြားခွင့်ပေးရမယ်။ ဥပမာ ဆိုရင် ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုကြည့် သူ့စနစ်က နိုင်ငံရေးစနစ်က တစ်မျိုး၊ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီ မဟုတ်ဘူး။ သို့သော်လည်းဘဲ သူက နိုင်ငံတကာကို ပညာသင်ကြားခွင့်ကို လွတ်လပ်ခွင့်ပေးလိုက်တယ်။ ကျွန်တော်တို့ဒီမှာ ပြောစရာရှိတာ ဦးနှောက်ယိုစီးမှုပေါ့၊ ဒီ ဦးနှောက် ယိုစီးမှုဆိုတာ အထိုက်အလျောက်တော့ ရှိပေမယ့် ကျွန်တော်တို့ ဒီ တက္ကသိုလ် ဆရာမတွေ၊ ဆရာတွေ၊ ကျွန်တော်တို့ ကျောင်းသားတွေ၊ နိုင်ငံခြားတက္ကသိုလ်တွေကို ဝင်ခွင့်စာမေးပွဲကို လွတ်လပ်စွာ ဖြေဆိုခွင့်ပေးပြီးတော့ လွတ်လွတ်လပ်လပ် ပညာသင်ကြားခွင့်ပေးမယ်။ နိုင်ငံတော်ကလည်း တတ်နိုင်သလောက် ထောက်ပံ့မယ်။ ဒါမှမဟုတ်လျှင် တတ်နိုင်တဲ့သူတွေ သွားသင်မယ်။ ထိန်းချုပ်မှုကို ကျွန်တော်တို့ ပြောချင်တာကတော့ လွတ်လပ်ခွင့်ကို တော်တော်များများကို ပေးလိုက်ရင်ဖြင့် ကျွန်တော်တို့နိုင်ငံမှာ ခေတ်မီဖွံ့ဖြိုးတဲ့ ပညာရပ်တွေ တတ်လာတဲ့ကလေးတွေ၊ လူငယ်တွေ၊ ဒါ နိုင်ငံက အားကိုးအားထားရမယ့်သူတွေ ဒါ ဖြစ်ပေါ်လာမှာပါ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံလည်း ဒီအတိုင်းပဲ။ ဒီလိုသင်ကြားလိုက်တယ်။ တချို့သူတွေ လည်း အခြားနိုင်ငံမှာ ပညာသင်ကြားပြီး အလုပ်လုပ်တာတွေရှိတယ်။ သို့သော်လည်းပဲ နောင်တစ်ချိန် ကျရင် ကိုယ်တိုင်းပြည်ကို ပြန်ရောက်လာတဲ့ အခါကျရင် ဒီထက် ဖွံ့ဖြိုးမှု၊ ဒီထက် စွမ်းအား၊

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ အရေးကြီးတဲ့ ခွန်အားတွေ ဖြစ်နေတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်မယ်ဆိုရင် ကျွန်တော်တို့ အဲဒီလိုနိုင်ငံကို အကျိုးပြုနိုင်မယ့်မူတွေ၊ အချက်တွေကို ပါဝင်အောင် ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် ကျွန်တော်တို့ နိုင်ငံကို ချမ်းသာတဲ့ ကြွယ်ဝတဲ့ နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကို ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၈။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို လေ့လာတဲ့အခါမှာ ဥပဒေကြမ်းကော်မတီဟာ အချိန်တိုအတွင်းမှာ အချိန်ကိုလုပြီးတော့ ဆောင်ရွက်ရ ပြီးတော့ ကျောင်းသားများရဲ့ တောင်းဆိုတဲ့ အပေါ်မှာလည်း အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး လိုက်လျော ဆောင်ရွက်ထားတယ်ဆိုတာ ကျွန်တော်အနေနဲ့ ဒါအကဲခတ် သတိပြုထားမိပါတယ်။ ကျွန်တော်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ထဲက နေပြီးတော့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ချက်(၂)ချက်၊ ပယ်ဖျက်ချက်(၂)ချက်နဲ့ ထပ်မံဖြည့်စွက်ချက်(၁)ချက်ကို ဒါ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ကျန်တဲ့ပုဒ်မတွေ အားလုံးကို ကျွန်တော်အနေနဲ့ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကျွန်တော်ရဲ့ တင်ပြချက်ကို ပရိုဂျက်တာနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ ကော်မရှင်၏ တာဝန်နဲ့ လုပ်ပိုင်ခွင့်များ အောက်ပါအတိုင်းဖြစ်သည်ဆိုပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ ပုဒ်မ ၆(င)မှာ ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များထံမှ ငွေကြေးနဲ့ အထောက်အပံ့များ ရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုပြီးတော့ ဒီလိုရေးဆွဲ အတည်ပြုထားပါတယ်။ ကျွန်တော်အနေနဲ့ ဒီအချက်ကို ပယ်ဖျက်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက် အနေနဲ့ကတော့ ပညာရေးကော်မရှင်ဟာ ပညာရေးရည်မှန်းချက် မူဝါဒများချမှတ်နိုင်ရန် မူဝါဒရေးဆွဲခြင်း၊ မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို လေ့လာစောင့်ကြည့်ခြင်း၊ ထိန်းကျောင်းပေးခြင်း၊ တွေ့ရှိချက်များအပေါ် သုံးသပ်အကြံပြုချက်များကို ပြည်ထောင်စုအစိုးရထံသို့ တင်ပြခြင်း လုပ်ငန်းတာဝန်များကိုသာ ဆောင်ရွက်သင့်ပါတယ်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာများမှာ ဝင်ရောက်ညှိနှိုင်းဆောင်ရွက်မှု မပြုလုပ်သင့်ကြောင်း၊ ဖော်ပြပါ လုပ်ငန်းများကို အစိုးရကသာ ဆောင်ရွက်သင့်ကြောင်း။ ဒါ ကျွန်တော်အနေနဲ့ အကျိုးအကြောင်းဖော်ပြချက်မှာ ဖော်ပြထားပါတယ်။

ပုဒ်မ ၂၈(ဂ)၊ အဲဒီမှာ အဆင့်မြင့် ပညာသင်ကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်လို့ အဆိုပြုထားပါတယ်။ ကျွန်တော့်အနေနဲ့ အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ အဆင့်မြင့်ပညာကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို ပညာရေးမူဝါဒဘောင်အတွင်း လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်ဟု ဒါ ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြထားပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ လွတ်လပ်စွာ ဆောင်ရွက်ခြင်းဆိုသည်မှာ အကန့်အသတ်မရှိ အကျိုးရှိသည်များ ရှိသကဲ့သို့ အကျိုးဆိုးသည်များလည်း ရှိနိုင်တဲ့အတွက် ချမှတ်ထားတဲ့ မူဘောင်အတွင်း၌ သာ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ပြုစေသင့်ပါတယ်။

နောက် ပုဒ်မ ၃၉ (ဆ)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတန်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနဲ့ ပြည်နယ်

အလိုက်ဆောင်ရွက်နိုင်ခွင့်ရှိရေးလို့ ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကို ပယ်ဖျက်ထားပါတယ်။ ဘာကြောင့်ပယ်ဖျက်ရသလဲဆိုတာကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်ရှိ ကျောင်းသားလူငယ်များရဲ့ အရည်အချင်းတွေဟာ ကွာခြားမှုတွေရှိသွားနိုင်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်များ လျှောက်ထားရာမှာလည်း အမှတ်အနည်းအများပေါ် မူတည်ပြီးတော့ အခွင့်အလမ်းတွေ ကွာခြားမှုရှိ သွားနိုင်ပါတယ်။ သင်ရိုးညွှန်းတမ်းစံ မီမမီ စိစစ်ရခြင်း အလုပ်ကလည်း အလုပ်ပိုတစ်ခု ဒါ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီကသာ တစ်နိုင်ငံလုံးအတွက် ရေးဆွဲစေသင့်ပါတယ်။

နောက် ပုဒ်မ ၄၃ (ဆ)၊ ဒါကတော့ ကျွန်တော့်အနေနဲ့ ထပ်မံ ဖြည့်စွက်မယ့် အသစ်ထပ်ဖြည့်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၄၃(ဆ) အသစ်ထပ်ဖြည့်ခြင်းဖြစ်ပါတယ်။ ကျောင်းတွင်း သင်ကြားမှုမရရှိခဲ့သည့် မိခင်တိုင်းရင်းသား ဘာသာစကားများသည် ၎င်းတို့၏ အစီအစဉ်ဖြင့် ကျောင်းပြင်ပတွင် အစိုးရ၏ ထိုက်သင့်သော သင်ကြားမှုအသုံးစရိတ်ဖြင့် သင်ကြားခွင့်ရှိသည် ဆိုတဲ့ အချက်ကို ထပ်အသစ် ဖြည့်စွက်မှာဖြစ်ပါတယ်။ ဘာကြောင့်ဖြည့်စွက်ရလည်း ဆိုလို့ရှိရင် ကျွန်တော်တို့မြန်မာနိုင်ငံမှာ လူမျိုး(၁၃၅)မျိုး ရှိပါတယ်။ ကျောင်းတစ်ကျောင်း၊ အတန်းတစ်တန်းမှာ မိခင်တိုင်းရင်းသားဘာသာစကား များစွာရှိနေနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားဘာသာစကား အားလုံး သင်ကြားခွင့်ရရန်လည်း မဖြစ်နိုင်ပါဘူး။ သင်ကြားခွင့်မရတဲ့ မိခင်တိုင်းရင်းသား ဘာသာ စကားများကို ၎င်းတို့ရဲ့ အစီအစဉ်နဲ့ ကျောင်းပြင်ပမှာ သင်ကြားနေမှုများလည်း ရှိနေပါတယ်။ သင်ယူ စရိတ်ငွေကြေး လိုအပ်လျက်ရှိပါတယ်။

အစိုးရက ထောက်ပံ့ပေးမှသာ တိုင်းရင်းသားများအားလုံး မျှတတဲ့အကျိုးကို ခံစားရမှာဖြစ်ပါ တယ်။ ဒါကြောင့်မို့ ဒီအချက်ကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြတာဖြစ်ပါတယ်။ နောက် ပုဒ်မ ၅၀ (ဃ) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ မိမိနှစ်သက်ရာ ကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ လျှောက်ထားပိုင်ခွင့် ရှိရမည်လို့ ဒါဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအချက်ကို ပြင်ဆင်ဖြည့်စွက်မှာဖြစ်ပါတယ်။ မိမိနှစ်သက်ရာ ကျောင်း သို့မဟုတ် ဒေသများကို သတ်မှတ်စည်းမျဉ်းမူဘောင်အတွင်း လွတ်လပ်စွာ လျှောက်ထားပိုင်ခွင့်ရှိရမည်လို့ ဒါ ပြင်ဆင်ဖြည့်စွက်မှာဖြစ်ပါတယ်။ ဘာကြောင့်မို့ ပြင်ဆင်ဖြည့်စွက်ရလဲဆိုရင် မိမိနှစ်သက်ရာ ကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ လျှောက်ထားပိုင်ခွင့်ပေးထားလို့ရှိရင် ဝန်ထမ်းများအားလုံး မျှမျှတတဖြစ်ဖို့ အင်မတန်ခဲယဉ်းမှာ ဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူ မသမာမှုများ ဖြစ်လာနိုင်စရာ များစွာရှိပါတယ်။ မျှမျှတတဖြစ်ဖို့ သတ်မှတ်စည်းမျဉ်း မူဘောင်အတွင်း၌သာ လွတ်လပ်စွာ လျှောက်ထား ပိုင်ခွင့်ရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဒေါက်တာဇညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ပညာရှင်အဖွဲ့ဝင်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ မေတ္တာပို့ရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဖြစ်တဲ့ ရေးမြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇညားအောင်မိုး ဖြစ်ပါတယ်။ ဒီအမျိုးသားပညာရေးဥပဒေ ဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်တိုးတက်ဖွံ့ဖြိုးဖို့အတွက် ဒါ အင်မတန်အရေးကြီးတယ်။ ဒီ့အပြင် ပုဂ္ဂိုလ်ရေးအရ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ သားသမီး၊ မြေးမြစ်တွေ၊ ကောင်းမွန် အဆင့်အတန်းမြင့်တဲ့ပညာရေးကို သင်ကြားရပြီးတော့ အဆင့်အတန်းမြင့်မြင့်နဲ့ အများနဲ့ယှဉ်ပြိုင်နိုင်အောင်၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ဒါကျွန်တော်တို့ အတွက်၊ နိုင်ငံအတွက်ရော၊ ကျွန်တော်တို့အတွက်ရော အင်မတန်အရေးကြီးပါတယ်။ အဲဒီတော့ ပထမအချက်အနေနဲ့ ကျွန်တော်ပြင်ဆင်လိုတာကတော့ ပြင်ဆင်ချက်ရဲ့ ၂ ပုဒ်မ ၁ (ဟ)ကို (လ) အဖြစ်သို့ ပြောင်းထားတယ်။

အဲဒီမှာ ဘာလဲဆိုတော့ တက္ကသိုလ်၊ ကောင်စီဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ဆရာသမဂ္ဂ၏ ကိုယ်စားလှယ် ကျောင်းသားသမဂ္ဂ အမည်စာရင်း တင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များ၊ တက္ကသိုလ်၊ အများယုံကြည် လေးစားအပ်သည့် ပုဂ္ဂိုလ်များနဲ့ အမှီအခိုကင်းသော ပညာရှင်များပါဝင်၍ သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်၊ ဒီနေရာမှာ ကျွန်တော်ပြင်ချင်တာက ဘာလဲဆိုတော့ ဆရာသမဂ္ဂက များထည့်ဖို့လိုတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဆိုတာလည်း များထည့်ဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ ဒီသမဂ္ဂတွေဟာ ဒီတစ်ဖွဲ့တည်းနဲ့ ဟုတ်ချင်မှ ဟုတ်တော့မယ်။ နောက်တစ်ခြားအဖွဲ့အစည်းတွေ ဖွဲ့စည်းလာရင်လည်း ဖြစ်လာနိုင်တယ်။ကျွန်တော်တို့က အဲဒါကြောင့် အဲဒီမှာများ ရယ်လို့ထည့်တယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ ဒီဆရာသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများရဲ့ နောက်မှာ တက္ကသိုလ်၊တိုင်းရင်းသား၊ စာပေနဲ့ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ အမည်စာရင်း တင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များဆိုတာကို ကျွန်တော် ထပ်ဖြည့်ထားပါတယ်။

ရှင်းလင်းချက်က ဘာလဲဆိုတော့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပြီးတော့ ကျောင်းသားသမဂ္ဂ တစ်ခု တည်း အမြဲရှိမည်မဟုတ်ဘူး။ တိုးလာနိုင်တယ်။ ထိုနည်းလည်းကောင်းပဲ ဆရာသမဂ္ဂကလည်း တိုးလာ နိုင်တယ်။ နံပါတ်(၂) ရှင်းလင်းချက်က ဘာလဲဆိုတော့ တက္ကသိုလ်၊ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှု ကော်မတီအသင်းအဖွဲ့သည် ၁၉၆၄ ခုနှစ်၊ တော်လှန်ရေးအစိုးရလက်ထက်မှာ တက္ကသိုလ် အုပ်ချုပ်ရေး ရုံးမှာ ဖွင့်လှစ်ပေးခဲ့ပြီး (၂)နှစ်တစ်ခါ ဦးဆောင်ကော်မတီရွေးကောက်တင်မြှောက်ခြင်းကို လုပ်ပြီး လှုပ်ရှားခဲ့သည်မှာ (၅၁)နှစ်ရှိခဲ့ပါပြီ။ နိုင်ငံရေးလှုပ်ရှားမှုမှာ မပါဝင်ဘဲ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားစေသော စာပေ၊ ယဉ်ကျေးမှု၊ လှုပ်ရှားမှု၊ တက္ကသိုလ်ရှိ တိုင်းရင်းသားပေါင်းစုံ ပါဝင်သော လှုပ်ရှားမှုတို့ကို လှုပ်ရှားခဲ့တယ်၊ ထိုကြောင့် တက္ကသိုလ်ကောင်စီတွင် ဆရာသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများတို့၏ ကိုယ်စားလှယ်ပါဝင်သကဲ့သို့ တိုင်းရင်းသား၊ စာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များတို့၏ ကိုယ်စားလှယ်များ ပါဝင်စေသင့်သည်။

ရှင်းလင်းချက်(၃)က ဘာလဲဆိုတော့ တိုင်းရင်းသား၊ စာပေ၊ ယဉ်ကျေးမှုအသင်းများ၏ ကိုယ်စားလှယ်ပါဝင်ခြင်းသည် ပြည်ထောင်စု အသွင်ဆောင်စေသည်၊ ပြည်ထောင်စု အသွင်ဆောင် သော တက္ကသိုလ်၏ အစဉ်အလာကို ထိန်းသိမ်းခြင်းလည်းဖြစ်သည်။ နောက်ပြင်ဆင်ချက် ပုဒ်မ ၄ (ခ)မှာ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒ ဆက်စပ်ဥပဒေနဲ့ နည်းဥပဒေ များ ရေးဆွဲရာတွင် အမှီအခိုကင်းသော ပညာရှင်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ မိဘနဲ့ အမျိုးသား ပညာရေးမူဝါဒကော်မရှင်တို့၏ အကြံပြုချက်များကိုရယူရေး၊ ဒီနေရာမှာ ကျွန်တော်က အတိုချုံးပြီးတော့ အမျိုးသားပညာရေး မူဝါဒကော်မရှင်ရယ်လို့ အစားထိုးလိုက်မယ်၊ အဲလို အစားမထိုးဘူးဆိုရင် ကျောင်းသားသမဂ္ဂများ၊ ဆရာရဲ့သမဂ္ဂများ၊ တက္ကသိုလ်၊ တိုင်းရင်းသား၊ စာပေ၊ယဉ်ကျေးမှု အဖွဲ့အစည်းရဲ့ ကိုယ်စားလှယ်များဆိုပြီးတော့ အကုန်လုံးကို တောက်လျှောက်ရေးနေရမယ်။ အဲဒီတော့ ကော်မရှင်မှာ ပါပြီးသားဖြစ်တဲ့အတွက်ကြောင့် ကော်မရှင်ကိုပဲ ထည့်ပါတယ်။

နောက်ပြီးတော့ ပုဒ်မ ၅ (က)အစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်ဖြင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အောက်ပါအတိုင်းဖွဲ့စည်းသည်ဆိုတဲ့ဟာ ခုနကျွန်တော် ရှင်းပြ ထားတဲ့အတိုင်းပဲ (၁,၂,၃,၄,၅) နံပါတ်(၅)မှာ ဆရာသမဂ္ဂကို များထည့်ဖို့၊ နောက်ပြီးတော့ ဖြည့်စွက်ဖို့က တက္ကသိုလ်၊ တိုင်းရင်းသားစာပေနဲ့ နံပါတ်(၇)မှာ ဖြည့်စွက်ဖို့ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှု အသင်းအဖွဲ့များက ညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပညာရှင်နှစ်ဦးဆိုပြီး ကျွန်တော် ဖြည့်စွက်လိုပါတယ်။ နောက်ပြီးတော့ အဲလိုဖြည့်စွက်လိုက်တဲ့အတွက်ကြောင့် နံပါတ်(၁၄)အထိ ရောက်သွားမယ်။ နံပါတ်(၁၅)မှာ ကျွန်တော် ထပ်ဖြည့်စွက်ချင်တာဆိုတော့ ဘာလဲဆိုတာ ဒီဥပဒေ တစ်ခုလုံး ကျွန်တော်တို့ ခြုံပြီးတော့ ကြည့်တဲ့အခါကျတော့ တိုင်းရင်းသားအရေး၊ ဒေသဆိုင်ရာ သင်ရိုး ညွှန်းတမ်းကအစ ကွဲပြားမှုတွေ အများကြီးရှိတယ်။ နောက်ပြီးတော့ ပြည်နယ်အစိုးရမှာလည်း တိုင်းဒေသကြီးအစိုးရမှာလည်း တာဝန်အများကြီးရှိတဲ့အတွက်ကြောင့် နံပါတ်(၁၅)မှာ ကျွန်တော် ထပ်ဖြည့်ချင်တာက ပြည်နယ်လွှတ်တော်နဲ့ အစိုးရတို့ ရွေးချယ်ပေးသော ပြည်နယ်တစ်နယ်လျှင် တစ်ဦးကျစီဖြစ်သော တိုင်းရင်းသား စာပေ သို့မဟုတ် ပညာရေး၊ ပညာရှင်(၇)ဦး အဲဒါကို ကျွန်တော် ဖြည့်ချင်ပါတယ်။

ရှင်းလင်းချက်(၁)က တက္ကသိုလ်၊ တိုင်းရင်းသား၊ စာပေနဲ့ ယဉ်ကျေးမှု၊ ကော်မတီကိစ္စနဲ့ ပတ်သက်ပြီးတော့ ခုနကရှင်းပြသွားပြီးပြီ၊ ထိုကော်မတီအသင်းအဖွဲ့တို့သည် ပညာရေး၊ တိုင်းရင်းသား၊ စာပေ၊ ယဉ်ကျေးမှုအရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးအတွက် တက္ကသိုလ်ရှိ တိုင်းရင်းသား ပေါင်းစုံ စုပေါင်းဆောင် ရွက်သော လှုပ်ရှားမှုကိုသာ အဓိကဆောင်ရွက်ပြီး နိုင်ငံရေးကင်းရှင်းသော အဖွဲ့အစည်းများအဖြစ်ရပ်တည်ခဲ့တဲ့အတွက်ကြောင့် နံပါတ်(၇)မှာ ထည့်ခြင်း ဖြစ်ပါတယ်။

နောက်ရှင်းလင်းချက်(၂)က ဤ ပုဒ်မ ၂(ဆ) ပြင်ဆင်ချက် ၂(ဆ) အမျိုးသားပညာရေး ဆို သည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရိုးရာ ဓလေ့၊ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာ တွေးခေါ်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနဲ့ ခေတ်စနစ်ရဲ့ လိုအပ်ချက်နဲ့အညီ နိုင်ငံတော်ကိုခေတ်မီတိုးတက်ဖွံ့ဖြိုးရေးကို ပို့ဆောင်နိုင်စွမ်း ရှိသည့်

ပညာရေးကို ဆိုလိုသည်။ ဤ အတည်ပြုပြီးတဲ့ တည်ဆဲဥပဒေပုဒ်မ ၃ မှာဆိုရင် အမျိုးသားပညာရေး ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နဲ့ သဘာဝဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်း မြှင့်တင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားဖြစ်လာစေရန်လို့ ပါရှိပါတယ်။ ဒီဥပဒေ ပြင်ဆင်ချက်မှာ ဒီပြင်ဆင်ချက်မှာဘာလဲဆိုတော့ မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသား လူမျိုးများ၏ ကလေးများအတွက် မိခင်တိုင်းရင်းသားဘာသာစကား၊ အခြေပြုဘာသာစကားအစုံ သင်ကြားရေးစနစ်ကို ရှေးဦးကလေးသူငယ်ပညာရေးမှစ၍ ကျင့်သုံးသည်ဆိုတာ ဒီပြင်ဆင်ချက်မှာ အဲဒါတွေပါတယ်။ ဤဥပဒေ ပုဒ်မ၊ တည်ဆဲဥပဒေပုဒ်မ ၂၀ မှာ ဝန်ကြီးဌာန၊ ဝန်ကြီးဌာနဆိုတာ ပညာရေးဌာနကိုပြောတယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန များသည် (က)နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာ ဓလေ့၊ သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုး တိုးတက်ရေးနဲ့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကို မွေးထုတ်ရမယ်။ တည်ဆဲဥပဒေပုဒ်မ ၃၉ (ဃ)မှာကော်မရှင်သည် သင်ရိုးညွှန်းတမ်းနဲ့ စပ်လျဉ်း၍ အောက်ပါအချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည်။

နိုင်ငံသားအားလုံးရှိသင့် ရှိအပ်သောတန်ဖိုးနဲ့ တိုင်းရင်းသားလူမျိုးနွယ်စု အသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနဲ့ သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်း ရှိရေး၊ ပြင်ဆင်ချက်ပုဒ်မ ၃၉(ဆ)မှာ ကော်မရှင်အစား အမျိုးသား သင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီ ရယ်လို့ ပြင်ဆင်တယ်။ အမျိုးသားသင်ရိုးညွှန်းတမ်းစံကို အခြေပြု၍ သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနဲ့ ပြည်နယ် အလိုက်ဆောင်ရွက်ခွင့်ရှိသည်။ တည်ဆဲဥပဒေ၊ ဤဥပဒေပုဒ်မ ၄၂ မှာ ပညာရေးဌာနဝန်ကြီးပေါ့၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့သည် (ခ)မှာ တိုင်းရင်းသား စာပေ၊ တိုင်းရင်းသားများ၏စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံများ ဖွံ့ဖြိုး တိုးတက်၍ သင်တန်းများ ဖွင့်လှစ်ပေးရေးနဲ့ တက္ကသိုလ်များတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေ၊ သမိုင်းအထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးတို့အတွက် ကူညီဆောင်ရွက်ရမည်။ တည်ဆဲဥပဒေ၊ ဒီဥပဒေ ပုဒ်မ ၄၃(ခ)မှာ အခြေခံပညာအဆင့်တွင် လိုအပ်လျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာ ဘာသာစကားနဲ့အတူ သင်ကြားမှု ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။ ဒီဥပဒေပြင်ဆင်ချက် ပုဒ်မ ၄၃(စ)မှာ အခြေခံပညာအဆင့်တွင် လိုအပ်လျှင် မိခင်တိုင်းရင်းသား ဘာသာစကားကို မြန်မာ ဘာသာစကားနဲ့အတူ သင်ကြားမှုဘာသာအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။ ဤတည်ဆဲဥပဒေ၊ အမျိုးသား ပညာရေးဥပဒေ ပုဒ်မ ၄၄ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနဲ့ ဘာသာစကားသင်ကြားမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် အခြေခံမူလတန်းမှ စတင်၍ အကောင်အထည်ဖော်၊ အဆင့်ဆင့် အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်သည်။

ဒီ့အပြင် တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ကနေပြီးတော့ ပုဒ်မ ၃ မှာ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။ တိုင်းရင်းသား လူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ စာပေ၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားလက္ခဏာနဲ့ သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နဲ့ ဖွံ့ဖြိုးတိုးတက်ရန်၊ ပုဒ်မ ၄(ခ) တိုင်းရင်းသား ကာကွယ် ရေးဥပဒေမှာ မိမိတို့ရဲ့ စကားစာပေကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေပဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။ ပုဒ်မ ၉ ဝန်ကြီးဌာန၊ ဒီနေရာမှာ ပြည်ထောင်စု တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနကို ဆိုလိုသည်။ ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်။ (ဂ) တိုင်းရင်းသား လူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်း စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခြင်း၊ သမိုင်းနဲ့ ရှေးဟောင်း အမွေအနှစ်တို့ကို စူးစမ်းရှာဖွေ ဖော်ထုတ်ရေးနဲ့ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ဆောင်ရွက်ခြင်း၊ ထိုကြောင့် အပိုဒ် ၇ မှာ တက္ကသိုလ် တိုင်းရင်းသား၊ စာပေနဲ့ ယဉ်ကျေးမှုအသင်းအဖွဲ့များ ညှိနှိုင်းပြီးတော့ ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦးကို အမျိုးသား ပညာရေးမူဝါဒကော်မတီ၊ ကော်မရှင်မှာ ထည့်ဖို့ အကြံပြုတယ်။ ဒါကြောင့် အပိုဒ် ၁၅ မှာ ပြည်နယ်အစိုးရ အဖွဲ့နဲ့ လွှတ်တော်မှ ရွေးချယ်သော ကိုယ်စားလှယ်တစ်ဦးဦးဖြင့် ပြည်နယ်(၇)ပြည်နယ်မှ ကိုယ်စားလှယ်(၇)ဦးတို့ကို ဖြည့်စွက်ထည့်သွင်း ရခြင်း ဖြစ်ပါတယ်။

နောက် ကျွန်တော် ပြင်ဆင်ချက်ဥပဒေကို ဆက်ဆွေးနွေးပါမယ်။ ပြင်ဆင်ချက် ပုဒ်မ ၆ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်။ (က) အမျိုးသားပညာရေး၏ ရည်မှန်းချက်နဲ့ ပညာရေးဆိုင်ရာ မူဝါဒချမှတ်ပေးခြင်းဟုပြင်ဆင်ထားသည်။ ဒါကို ကျွန်တော်အနေနဲ့ က ဘာလဲဆိုတော့ ဒီတာဝန်ဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ တာဝန်ဖြစ်တယ်။ တစ်နိုင်ငံလုံးနဲ့ ပတ်သက်တဲ့ မူဝါဒ၊ ဘယ်ဌာနရဲ့ မူဝါဒမဆို ပြည်ထောင်စုလွှတ်တော်ရဲ့တာဝန်ဖြစ်တယ်။ အမျိုးသားပညာရေး မူဝါဒ ရေးရာကော်မရှင်သည် အမျိုးသားပညာရေး ရည်မှန်းချက်နဲ့ ပညာရေးမူဝါဒ ချမှတ် နိုင်ရန်အတွက် ပြည်ထောင်စု ပညာရေးဌာန သို့မဟုတ် လွှတ်တော်သို့တင်သွင်းရန်သာ ဖြစ်သင့်သည်။ ဒါကြောင့် အဲဒီ(က)ကို အမျိုးသားပညာရေး၏ ရည်မှန်းချက်နဲ့ ပညာရေးဆိုင်ရာမူဝါဒကို ပြည်ထောင်စု လွှတ်တော် သို့မဟုတ် ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်းဟု ပြင်ဆင်ရေးသားသင့်သည်။ ပြင်ဆင်ချက်ပုဒ်မ ၂၁(ခ) အလယ်တန်းအဆင့် ပြီး မြောက်အောင်မြင်သူနဲ့ ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော အလယ်တန်း နည်းဥပဒေနဲ့ အသက်မွေး ပညာရေးကို ရယ်လို့ပြင်ထားတယ်။

ဒီနေရာမှာ အလယ်တန်းအဆင့် နည်းဥပဒေမဟုတ်ဘူး။ အလယ်တန်းဥပဒေ နေရာမှာ နည်းပညာ၊ ပညာဖြစ်ရမယ်၊ ဒါကျွန်တော်တို့ အလောတကြီးအလုပ် လုပ်ခဲ့တာခွင့်လွှတ်ပါတယ်။ ဒါပေမဲ့ မှားသွားမှာကြောက်လို့ ကျွန်တော်ပြန်ပြင်ခြင်းဖြစ်ပါတယ်။ အပိုဒ် ၂ က အလယ်တန်းအဆင့် ပြီး မြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများသည် အလယ်တန်းအဆင့် နည်းပညာနဲ့ အသက်မွေးပညာကိုတတ်လျှင် အတန်းနာတယ်။ အမှန်မှာ အလယ်တန်းအဆင့် ပြီးသူများကို နည်း ပညာနဲ့အသက်မွေးပညာရေးကိုတတ်လျှင် နည်းပညာအထက်တန်းကျောင်း၊ အသက်မွေးအထက်တန်း ကျောင်းကိုတက်ရမယ်။ ထိုအထက်တန်း ကျောင်းကိုအောင်ပြီးလျှင် နည်းပညာကောလိပ်ကို လည်း ကောင်း၊ အမှတ်ကောင်းသူများအတွက် နည်းပညာ တက္ကသိုလ်သို့ လည်းကောင်း တက်ရောက်ပြီးတော့ ဆက်လက်ပညာဆည်းပူးနိုင်တယ်။ ယခင်က နည်းပညာအထက်တန်းကျောင်း မအောင်သူတို့ အမှတ်

ကောင်းလျှင် နည်းပညာတက္ကသိုလ်ကိုတက်တယ်၊ အမှတ်နည်း သူတို့နည်းပညာကောလိပ်ကို တက်တယ်။ နည်းပညာကောလိပ်မှာ အမှတ်ကောင်းလျှင် နည်းပညာ တက္ကသိုလ်ကို ဒုတိယနှစ် သို့မဟုတ် တတိယနှစ်မှာ စတင်ပြီးတော့ ပညာသင်ကြားနိုင်တယ်။ ပညာရေး အဆင့်ဆင့်အချိတ်အဆက် အဲသလို ရှိသင့်တယ်၊ မူလတန်းအောင်ပြီးတဲ့လူ အရင်တုန်းကဆိုရင် စက်မှု လက်မှုအလယ်တန်းကျောင်း ဆိုတာ ရှိတယ်။ ရန်ကုန်မှာဆိုရင် ဘောင်ထရီလမ်းမှာရှိတယ်။ နောက်ပြီးတော့ အလယ်တန်းအောင်ပြီးတဲ့လူ စက်မှုလက်မှုအထက်တန်းကျောင်းဆိုတာ နတ်မောက်လမ်းမှာ ကျွန်တော်တို့ ၆၀၊ ၆၆ လောက်က ကျွန်တော်တို့ တွေ့ရတယ်။

အဲဒီကျောင်း ညနေသင်တန်းရှိတယ်၊ ညနေသင်တန်းက ဒီပလိုမာ အဆင့်ပေးတာ ရှိတယ်။ အဲဒီတော့ကျွန်တော်တို့ အဆင့်ဆင့်အဲလို အချိတ်အဆက်ဖြစ်ဖို့အတွက် မူလတန်းအောင်ပြီးတဲ့လူဟာ အလယ်တန်းနည်းပညာစိုက်ပျိုးရေး၊ အဲသလို စိုက်ပျိုးရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီအမျိုးသား လွှတ်တော်ထဲမှာ စိုက်ပျိုးရေးအလယ်တန်းကျောင်း၊ မူလတန်းအောင်ပြီးတော့ စိုက်ပျိုးရေးအလယ်တန်းကျောင်း၊ စိုက်ပျိုးရေးအလယ်တန်းကျောင်းအောင်ပြီးတော့ စိုက်ပျိုးရေးအထက်တန်းကျောင်း၊ ပြီးတော့ စိုက်ပျိုးရေးသိပ္ပံ အဲလိုနဲ့အောင်လာတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်ထင်တာတော့ အဲဒီအချိတ်အဆက်က လွဲနေတယ်လို့ ထင်တဲ့အတွက်ကြောင့် ကျွန်တော် ပြင်ချင် တာက ၂၁ (ခ)ပြင်ဆင်ချက်ကို ကျွန်တော်ပြင်ဆင်ချင်တာက အလယ်တန်းအဆင့်ပြီးမြောက်ပြီး သူများနဲ့ ညီမျှသည့် အရည်အချင်းရှိသူများတက်ရောက်နိုင်သော အထက်တန်းအဆင့်နည်းပညာနဲ့ အသက်မွေးပညာဟု ပြင်ဆင်လိုပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၃၉ မှာ ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနဲ့ စပ်လျဉ်း၍ အောက်ပါအချက်များပါရှိရာ ကြပ်မတ်ဆောင်ရွက်ရမည် ဆိုပြီးတော့ပါတယ်။ အဲဒါ ပြင်ဆင်ချက်မှာ ကောင်းပါတယ်၊ ထောက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။ ပြင်ဆင်ချက်မှာ (ဋ) ဆိုပြီးတော့ တစ်ပိုဒ် ထပ်ဖြည့်ထားတယ်။ အဲဒီမှာ ဘာလဲဆိုတော့ သင်ယူသူများ ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ အတတ်ပညာ စွမ်းရည်များအတွက် အခြေခံပညာရေးအဆင့်မှ စတင်ရန်နှင့် စဉ်းစားတွေးခေါ် မျှော်မြင်မှုများ ရှိစေပြီး လက်တွေ့ဘဝနှင့်ကိုက်ညီအောင် ဆောင်ရွက်မှုရှိသော သင်ရိုးညွှန်းတမ်းများ ဖြစ်စေရေး ဒါ သင်ရိုးညွှန်းတမ်းက အရေးကြီးတယ်။

အဲဒီတော့ ကျွန်တော် ဒါလက်တွေ့ကျကျ ကျွန်တော်တို့ မြင်ထားတာ တွေ့ထားတာရှိတယ်။ ဘာလဲ ဆိုတော့ ကျွန်တော်တို့ အခု စက်မှုတက္ကသိုလ်တို့၊ စိုက်ပျိုးရေးကျောင်းတို့ ကျွန်တော်တို့ ဘယ်လောက်ပဲ ဖွင့်ဖွင့် တောင်သူလယ်သမားတွေဟာ သိပ္ပံနည်းပညာနဲ့ စိုက်ပျိုးရေး မလုပ်တတ်ဘူး။ မိရိုးဖလာပဲ လုပ်တယ်။ အဲဒီတော့ ဖြစ်သင့်တာက အခြေခံပညာမှာကတည်းက မသင်မနေရ အဆင့်မှာကတည်းက ကျွန်တော်တို့ အလယ်တန်း မသင်မနေရ အဆင့်ဆိုပါတော့ လုပ်နိုင်ကိုင်နိုင်တဲ့အချိန်မှာ ဒီစိုက်ပျိုးရေး ကျွန်တော်တို့ တောင်သူလယ်သမား (၇၀)ရာခိုင်နှုန်း ရှိတယ်။ ဆင်းရဲမှု လျှော့ကျရေးကို ကျွန်တော်တို့လုပ်ချင်တယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေက Technology မြင့်လာဖို့ အရေးကြီးတယ်။ အဲဒီတော့ ကျောင်းတိုင်းမှာ သာမန်ကျောင်းတိုင်းမှာ မြို့ကျောင်းဆိုရင်တော့ စိုက်ပျိုးရေး လုပ်လို့မရဘူး။ မြေနေရာမရှိဘူး။ နည်းနည်းတောကျတဲ့ကျောင်း၊ မြေနေရာ ကျယ်တဲ့ကျောင်းတွေကို စိုက်ပျိုးရေး ၊ မွေးမြူရေးတို့ကအစ ဘဝတစ်လျှောက်လုံးအတွက်လည်း အကျိုးရှိတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ တောင်သူလယ်သမား (၇၀)ရာခိုင်နှုန်းသော ကျေးလက်ဒေသပြည်သူများ ဒါဟာ နည်းပညာ

အလိုလို ရပါတယ်။ သူတို့ ကျောင်းမှာ သင်ပြီးရင် ကျောင်းက ထွက်ပြီးရင် ဒါကို သူတို့ အသုံးချမယ်။ အဲဒီတော့ ဒါကို လက်တွေ့ကျကျ ဖြစ်ဖို့အတွက် ဒါကို ကျွန်တော် နည်းနည်းပြင်ခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ချက် ပုဒ်မ ၄၀ (က) ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် ဆိုတဲ့နေရာမှာ (ဇဇ) မှာ ကျွန်တော်က တက္ကသိုလ် တိုင်းရင်းသား စာပေနဲ့ ယဉ်ကျေးမှု အသင်းအဖွဲ့များက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသော ပညာရှင်(၂)ဦး ဖြည့်ချင်လည်းဖြည့်မယ်။ နောက် (ဇဇ)မှာ ခုနကအတိုင်းပဲ ပြည်နယ်လွှတ်တော်နဲ့ အစိုးရတို့ ရွေးချယ်သော ပြည်နယ်တစ်နယ်လျှင် တစ်ဦးကျစီဖြစ်သော တိုင်းရင်းသားစာပေ သို့မဟုတ် ပညာရှင်များ (၇)ဦး ဆိုပြီးတော့ ထပ်ဖြည့်ချင်ပါတယ်။ ရှင်းလင်းချက်က ခုနက ရှင်းလင်းထားပြီးတဲ့ အတွက်ကြောင့် ထပ်မရှင်းတော့ပါဘူးခင်ဗျား။

နာယကကြီးခင်ဗျား။ အခု အရေးကြီးတဲ့ အခန်းကဏ္ဍ ရောက်ပါတယ်။ ဘာလဲဆိုတော့ တိုင်းရင်းသား မိခင်ဘာသာစကား ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။ ပြင်ဆင်ချက် ပုဒ်မ ၄၃ (က)မှာ သင်ကြားရေးတွင် ဘာသာစကားသုံး စနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားကို အသုံးပြု သင်ကြားသည် ဆိုတဲ့နေရာမှာ (၃) စနစ်ရယ်လို့ စာရိုက်မှားတာ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ (၃)မျိုးစနစ်ဖြစ်သော ဆိုပြီးတော့ ကျွန်တော် ပြင်လိုပါတယ်။ မျိုး ဆိုတာ တစ်လုံးထည့်လိုက်တယ်။ နောက်ပြီးတော့ မြန်မာဘာသာစကား အရင်လာရမယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်တော်တို့ ဒါ ပြည်ထောင်စုရဲ့ ဘာသာစကားဖြစ်တဲ့ အတွက်ကြောင့် မြန်မာဘာသာ စကား၊ မိခင်တိုင်းရင်းသားဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား အသုံးပြု သင်ကြားနိုင်သည် ဆိုပြီး တော့ ကျွန်တော် အဲဒီလို ပြင်လိုပါတယ်။ နောက်ပြီးတော့ ပြင်ဆင်ချက် ပုဒ်မ ၄၃ (စ)မှာ နိုင်ငံတော်သမ္မတ၏ သဘောတူညီ

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှာ ကြားနာတော့မှ ပိုပြည့်ပြည့်စုံစုံ ပြောပါ။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ နိုင်ငံတော်သမ္မတ က မူလပုဒ်မ ၄၃(ခ)ကို နိုင်ငံတော်သမ္မတ ရဲ့ မှတ်ချက်နဲ့ ပေးပို့လာတဲ့ ပုဒ်မတစ်ခု ဖြစ်ပါတယ်။ အခြေခံပညာရေးအဆင့်တွင် လိုအပ်လျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနဲ့ အတူ သင်ကြားမှု ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုခွင့် ရှိသည်ဆိုတဲ့ မူရင်းက ရှိတယ်။ အဲဒီတော့ အခု တင်ပြတဲ့ မိခင်တိုင်းရင်းသားဘာသာစကား ဖြစ်ရအောင် အဲဒီနေရာမှာ တိုင်းရင်းသားဘာသာ စကားရှေ့မှာ မိခင်ဆိုတာ တစ်လုံးထပ်ဖြည့်ဖို့ ကျွန်တော်အကြံပြုအပ်ပါတယ်။ နောက်ပြီးတော့ ပြင်ဆင် ချက် ပုဒ်မ ၄၃ (ခ)(ဂ)(င) တို့သည် နည်းဥပဒေမှာထည့်ဖို့ သင့်တော်ပါတယ်။ ဒီမှာ သိပ်မလို အပ်ဘူးလို့ မြင်ပါတယ်။ ပြင်ဆင်ချက် ပုဒ်မ ၄၃ (ဃ)ဟာ (က) ပြင်ဆင်ချက်နဲ့ ၄၄ ပြင်ဆင်ချက်ဟာ တည်ဆဲဥပဒေပြင်ဆင်တဲ့ အမျိုးသားပညာရေးဥပဒေ၊ တည်ဆဲ တိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကာကွယ်တဲ့ ဥပဒေနဲ့ ကွဲလွဲဆန့်ကျင်နေတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အဲဒါကို ကန့်ကွက်ပါ တယ်။ ၄၄ ကို မူလအတိုင်း ထားရှိဖို့အတွက် ပယ်ဖျက်ခြင်းကို ကျွန်တော် ကန့်ကွက်ပါတယ်။ နောက်ပြီး တော့ သူတို့ရဲ့ပြင်ဆင်ချက် ၄၃(ဃ)ဟာလည်းပဲ မပြည့်စုံတဲ့အတွက်ကြောင့် ကျွန်တော်တို့ တိုင်းရင်းသား အခွင့်အရေးကို ထိခိုက်နိုင်တဲ့အတွက်ကြောင့် ဒါကိုလည်း ကျွန်တော် ကန့်ကွက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နည်းနည်းပဲ ကျန်တော့ပါတယ်။ ပြင်ဆင်ချက် ပုဒ်မ ၅၅ (က) ကော်မရှင်သည် အမျိုးသားပညာရေးအဆင့်အတန်းနဲ့ အရည်အသွေးအာမခံမှုကော်မတီကို အောက်ပါ အတိုင်းဖွဲ့စည်းသည်ဆိုတဲ့ နေရာမှာလည်းပဲ ကျွန်တော်(၉၈) အနေနဲ့ဖြည့်တယ်။ တက္ကသိုလ် တိုင်းရင်းသား စာပေ ယဉ်ကျေးမှု ပညာရှင် ကျွန်တော်က ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂ ပါတဲ့နေရာတိုင်းမှာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များရဲ့ ကိုယ်စားလှယ်ကို ကျွန်တော် ထည့်ပါတယ်။ နောက်ပြီးတော့ နောက်တစ်ချက် ထပ်ဖြည့်တာက ပြည်နယ်လွှတ်တော်နဲ့ အစိုးရက ရွေးချယ်တဲ့ ပညာရှင် ထပ်ဖြည့်ပါတယ်။ ပုဒ်မ ၅၈ ဝန်ကြီးဌာန လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်း ဖြစ်သည် ဆိုတဲ့နေရာမှာ ၅၈ (ခ) မှာ ကျောင်းသားသမဂ္ဂ ဟုပြင်ရန် ကျောင်းသားများသမဂ္ဂဟု ပြင်ရေးဖို့ အဲဒီတစ်လုံးပဲ အရေးကြီးပါတယ်။

နောက်ပြီးတော့ အဲဒီနေရာမှာတက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့ များ၏ ကိုယ်စားလှယ်များရယ်လို့ ကျွန်တော်ထပ်ဖြည့်ဖို့ အကြံပြုပါတယ်။ နောက်ပြီးတော့ ဒီ ဥပဒေကို ပြန်လည်ပြီးတော့ ဖြည့်စွက်ထားတဲ့ (ဂ)ကို ဆရာသမဂ္ဂကိုယ်စားလှယ်များနဲ့ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များအစား ကျွန်တော်တို့ ဒီနေရာမှာ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ရယ်လို့ ရေးရင် ပြည့်စုံပါတယ်။ ထပ်ကာထပ်ကာ ဖော်ပြစရာမလိုဘဲနဲ့ အဲဒီလိုရေးရင် ပြည့်စုံပါတယ်လို့ အကြံပြုရင်း နိဂုံးချုပ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၉။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရှင် ကော်မရှင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ပဲ ဖြစ်ပါတယ်။ ပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြန်လည်ဆွေးနွေးခွင့်ပေးသော ဥက္ကဋ္ဌကြီး အားလည်း ကျေးဇူးဥပကာရ တင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အင်္ဂလိပ် ဝေါဟာရ အနည်းအကျဉ်း အသုံးပြုခွင့် ပေးပါရန် ပန်ကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်ချဲ့ဗြိတိသျှ ကိုလိုနီ ပညာရေးစနစ်ကို ကျွန်ပညာရေး စနစ်လို့ ခေါ်ခဲ့ကြပါတယ်။ အခု ကျွန်တော်တို့ ကျင့်သုံးနေတဲ့ ပညာရေး စနစ်ကလည်း ကျွန်တော်တို့လို ဝေးလံခေါင်သီခက်ခဲတဲ့ တောင်ပေါ်နေ နယ်စပ်နေ ရှားပါးတဲ့ နယ်စပ် တွေမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားကျောင်းသူ/ကျောင်းသားလေးများအတွက် ကတော့လည်း ကျွန်ပညာရေး စနစ်လိုပဲ ဖြစ်နေဆဲပါပဲ။ ဘာကြောင့်လဲဆိုတော့ ပါလီမန်ခေတ် ၁၉၅၀ ကနေ ဒီနေ့ ၂၀၁၅ ခုနှစ်အချိန်ထိ ဆိုလျှင် စုစုပေါင်း (၆၅)နှစ်တိုင်ခဲ့ပါပြီ။ ဥပမာ ပူတာအိုခရိုင်လို ဥပမာ ဆွမ်ပရာဘွမ်မြို့နယ်၊ မချမ်းဘောမြို့နယ်၊ ပူတာအိုမြို့နယ်၊ နောင်မွန်မြို့နယ်၊ ခေါင်လံဖူးမြို့နယ်၊ ပန်နန်းဒင်မြို့နယ် တို့လို ကနေ ဒီနေ့ထိ ကျွန်တော်တို့ ဆရာဝန်တို့၊ အင်ဂျင်နီယာတို့၊ Gazette Official တို့လို တစ်ယောက်မှ မပေါ် ထွန်းခဲ့ပါဘူး။ ဒါက မူဝါဒ မှားယွင်းနေလို့ပဲ ဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်း (Curriculum) က ကောင်းပါတယ်။ ဒါကြောင့်မို့လို့ တစ်ယောက်စ နှစ်ယောက်စတော့ မပေါ်ပေါက်ခဲ့ဘူးလို့ ပြောတာ

မဟုတ်ပါဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာတော့ တစ်ယောက်စ နှစ်ယောက်စတော့ ပေါ်ထွန်းခဲ့ပါတယ်။

ဒါကြောင့် ဥပဒေပြဋ္ဌာန်းပြီးမှသာလျှင် ခုနက ကျွန်တော်တို့လိုလားတဲ့ တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်ရေးတွေ ရောက်ရှိလာမှာ ဖြစ်ပါတယ်။ အခု ဘယ်လိုဖြစ်နေသလဲဆိုတော့ ကျွန်တော်တို့က (၁၀)တန်းလည်း အောင်တယ်။ တက္ကသိုလ်လည်း ရောက်တယ်။ သို့သော် အောက်ခြေဝန်ထမ်းတွေ အဆင့်ပဲရောက်နေတယ်။ ပြည်တွင်းမှာရော ပြည်ပမှာရော သွားရောက်ပြီးမှ အလုပ်ရှာ ကြတဲ့အချိန်မှာ Hand to mouth လက်လုပ်လက်စားဘဝနဲ့ပဲ သူများရဲ့ ကျွန်အဖြစ်ပဲ ကျွန်တော်တို့က ဒီလို တွန်းပို့ ပေးတဲ့ စနစ်ဖြစ်နေတော့ ကျွန်တော်တို့က ဒါကို ဥပဒေ မပြဋ္ဌာန်းဘူး။ ဥပဒေအားဖြင့် မကယ်တင်ဘူး ဆိုရင် ကျွန်တော်တို့ မဖြစ်နိုင်မှာစိုးလို့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက် အပိုဒ် ၁၉ နဲ့ အပိုဒ် ၂၀ နဲ့ ၂၁ အဲဒီကြားမှာ တစ်ခု ထည့်သွင်းချင်တာ ဖြစ်ပါတယ်။ ၂၁ ကို ကျွန်တော်က ၂၂ အဲဒီလို ထည့်သွင်းပြီးမှ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံး၌ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာတစ်ခု ရှိလာသည်အထိ ဝေးလံခေါင်သီ ရှားပါး ခက်ခဲသည့်ဒေသများရှိ တိုင်းရင်းသား ကျောင်းသူ/ကျောင်းသားများအတွက် နိုင်ငံတော်၏ ကာကွယ်ရေး နှင့် သက်ဆိုင်သော တပ်မတော်တက္ကသိုလ်များ ရဲအရာရှိသင်တန်းကျောင်းများနှင့် အသက်မွေးဝမ်း ကျောင်း တက္ကသိုလ်များ၊ ကျောင်းများတွင် ခွဲတမ်း Quota စနစ်ဖြင့် အဆင့်မြှင့်တင် ပေးရမည်။ ၂၂(က) အပိုဒ်ခွဲငယ်(က)ပေါ့ အပိုဒ်ခွဲငယ်(က)မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် လည်း ၎င်းကျောင်းသူ/ကျောင်းသားလေးများအတွက် အထူးကူညီ ပံ့ပိုးဆောင်ရွက်သော စီမံကိန်း တစ်ရပ် ရှိစေရမည်လို့ ကျွန်တော့်အနေနဲ့ ထည့်သွင်းလိုပါတယ်။

ခုန ကျွန်တော်တို့ မိခင်တိုင်းရင်းသားဘာသာစကား၊ ကျွန်တော်တို့ ဆွေးနွေးသွားတဲ့ ဦးစံပြည့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)ပါပဲ ပြည့်စုံပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာ ထပ်တိုးပြီးမှ ကျွန်တော့်အနေနဲ့ ထည့်သွင်းချင်တာက Compulsory ကို ကျွန်တော်တို့က ဘာမှပြောစရာမလိုပါဘူး။ Curriculum နဲ့ ရှိပြီးသားဖြစ် တယ်။ အင်္ဂလိပ် တခြား Science သိပ္ပံနဲ့ဆိုင်တဲ့ ဘာသာရပ်တွေ၊ ဝိဇ္ဇာနဲ့ ဆိုင်တဲ့ ဘာသာရပ်တွေ ဒါတွေကို ကျွန်တော်တို့က ထိခိုက်စေဖို့ ပြောတာ မဟုတ်ဘူး။ ဒါတွေကတော့ ဒီတိုင်းပဲ ရှိနေရမယ်။ သို့သော် Optional လာတဲ့အချိန်မှာ Dialect ပေါ့ Indigenous Dialect ဒေသခံ မိခင် တိုင်းရင်းသားဘာသာ စကား ဒါကတော့ ထည့်ကို ထည့်သွင်းသင့်တယ်လို့ ထင်ပါတယ်။ သို့သော် မသင်မနေရတော့ မဟုတ်ဘူး။ Compulsory မဟုတ်ဘူး။ Optional ပဲ ဥပမာ ကျွန်တော် လီဆူး တိုင်းရင်းသား ဖြစ်သော်ငြားလည်း ဥပမာ ကျွန်တော်က ဂျိမ်းဖော ဘာသာစကားကို သင်ချင်တယ်ဆို ရတယ်။ သူ့ရဲ့ Optional ပဲ သူသင်လို့ ရတယ်။ ဥပမာ ကျွန်တော်က ပအို့ဝ်ပဲ သင်ချင်တယ်။ ပအို့ဝ်ဘာသာပဲ သင်ချင်တယ်ဆိုရတယ်။ Optional ဒီလိုပဲ ဖြစ်သင့်တယ်လို့ ကျွန်တော်က ဒီလို ယူဆတယ်။ သို့သော်အများစုနေတဲ့ တိုင်းရင်းသား ဘာသာစကားတော့သင်ပေါ့ အနည်းစုတွေကို ကျတော့ ခုနက ဦးစံပြည့် ပြောသလို ကျောင်းပြင်ပမှာရော ဒီလို ကျွန်တော်တို့က ထောက်ပံ့ပေးရမှာ နိုင်ငံတော်ကနေ ဒီလိုယူဆတယ်။ နောက်တစ်ခု ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂၂ မှာ ကြည့်လိုက်တဲ့ အချိန်မှာ ကျွန်တော်ဒီမှာ ကြည့်လိုက်တဲ့အချိန်မှာ မေ့သွားတာလား၊ ကျန်သွားတာလားတော့ မသိဘူး။ ကျွန်တော်တို့ နယ်စပ်ဝန်ကြီးဌာနက မပါလာဘူး ဖြစ်နေတယ်။ နယ်စပ်ဒေသဝန်ကြီးဌာနကလည်း

ကျွန်တော်တို့ကို အများကြီး တောင်ပေါ်ဒေသတွေကို နယ်စပ်ဒေသဝန်ကြီးဌာန ဖွင့်ပြီးတဲ့ နောက်ပိုင်းမှာ အများကြီး ကျွန်တော်တို့ကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နယ်စပ်ဒေသဝန်ကြီး ဌာနကို မဖြုတ်သင့် ဘူးလို့ ယူဆပါတယ်။ ဒါကြောင့် ဒီ ပြည်ထဲရေးပြီးတာနဲ့ နယ်စပ်ဒေသဝန်ကြီးဌာန ပြီးမှ ရာထူးဝန် အဲဒီလို ထည့်သွင်းချင်တာ ဖြစ်ပါတယ်။ မေ့ကျန်ခဲ့တယ် ဆိုရင်လည်း ပြန်ထည့်ဖို့ ဖြစ်ပါတယ်။ ဒါတွေကိုပဲ ကျွန်တော် ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် အမျိုးသား ပညာရေးဥပဒေကို ဆွေးနွေးပါမယ်။ ကျွန်တော် ပြင်ဆင်တဲ့ ဥပဒေကတော့ ဥပဒေကြမ်း ကော်မတီ ဖိတ်ကြားတဲ့အတွက် ဒီအစည်းအဝေးမှာပဲ ကျွန်တော် တင်ပြဆွေးနွေးပါမယ်။ ဒါကြောင့် မူနဲ့သဘောနဲ့ အနည်းငယ် ဖော်ပြလိုတဲ့ အပိုင်းကိုပဲ ဆွေးနွေးပါမယ်။ ပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)(၁) မှာ ရှိတဲ့ ပြည်တွင်းရှိ လူမှုရေး ဘာသာရေး အသင်းအဖွဲ့များက ဆိုတဲ့ စကားရပ်ကို ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်း ဘာသာရေး အဖွဲ့အစည်းများက ဆိုသည့် စကားရပ်ဖြင့် အစားထိုးရန် ဆိုပြီးတော့ ထောက်ခံ ဆွေးနွေး ပါမယ်။ ဒါကို ဆက်လက်ပြီးတော့ ဒီထက်ပြီးပြည့်စုံအောင် ဖြစ်နိုင်အောင် နည်းဥပဒေများ ထွက်တဲ့အခါ ထည့်သွင်း ပေးစေလိုကြောင်း ဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆက်လက်ပြီးတော့ တိုင်းရင်းသား ဘာသာနှင့်စာပေများကို ပြည်နယ်နှင့် တိုင်းဒေသအသီးသီးမှာ လေ့လာသင်ကြားခွင့် ပေးတဲ့အတွက်လည်း ကျွန်တော်တို့ တင်ပြဆွေးနွေးစရာ မလိုဘူး ကျေးဇူးတင်ပါတယ်။ ဒါပေမယ်လို့ အဲဒီသင်ကြားတဲ့ အခါမှာ ဦးဂျေယောဝူ ဆွေးနွေးသလိုပဲ တိုင်းရင်းသား စာပေများကို ကျောင်းအတွင်း၌ Optional Subject အနေဖြင့် သင်ကြားခွင့်ပြုပါရန် တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တွင်း၌ နေသော ကျောင်းသူ/ ကျောင်းသားများအတွက်လည်းပဲ တိုင်းရင်းသားဘာသာကို မိခင် မပါဘူး တိုင်းရင်းသားဘာသာစာပေကို သင်ကြားခွင့်ပြုနိုင်ပါရန်လည်း တင်ပြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မူနဲ့ သဘောကို ကျွန်တော် အနည်းငယ် ဆွေးနွေး လိုပါတယ်။ ဘုန်းကြီးကျောင်းများ၊ NNER များ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စု လွှတ်တော် များ၏ အမျိုးသားပညာရေးနဲ့ပတ်သက်၍ ဦးတည်ချက် အသီးသီးတူညီသော အချက်တစ်ခု တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဟူသော အချက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်ချက်ဟာ ဘာနဲ့ တိုင်းရမလဲဆိုတော့ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား ကျွမ်းကျင်စွာ တတ်မြောက်မှုဟာ အဓိက ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ကျောင်းမှာ ဆေးပညာ၊ သိပ္ပံပညာ စတဲ့ အဆင့်မြင့် နည်းပညာ၊ နည်းစနစ် သီအိုရီများဟာ အင်္ဂလိပ်လိုများဖြင့်သာ အများဆုံး ပြုစုနေတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ၁၉၆၀ နှစ် နောက်ပိုင်းမှာ ASEAN နှင့် ကမ္ဘာ့အလယ်မှာ ပညာရေး အဆင့်အတန်း တန်းတူဖြစ်ခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ လူမျိုးများရဲ့ ဦးနှောက်ဟာ ကမ္ဘာမှာ အဆင့် မနိမ့်ပါဘူး။

သို့သော်လည်းပဲ ပညာရေးစနစ်အရ ၁၉၆၈ ခုနှစ်နောက်ပိုင်း အင်္ဂလိပ်စာ သင်ကြားရေးကို နိုင်ငံတော်အစိုးရက အားမပေးခဲ့လို့ မြန်မာနိုင်ငံဟာ ကမ္ဘာ့ပညာရေးအဆင့် နိမ့်ကျသွားတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာ တရုတ်နိုင်ငံဆိုရင်လည်း မော်စီတုန်းလက်ထက်မှာ အင်္ဂလိပ်စာ သင်ကြားမှုကို ပိတ်ပင်တားမြစ်တဲ့အတွက် အုပ်ချုပ်မှု နောက်ကျကျန်ရစ်ခဲ့ပေမယ့် တိန်ရှောက်ဖိန်လက်ထက်မှာ အင်္ဂလိပ်စာ သင်ကြားမှုဟာဆိုရင် အလေးပေးလာတဲ့အတွက် တရုတ်ပြည်ကြီးဟာ ကမ္ဘာမှာ ဆယ်ရာစုနှစ် တစ်ခုအတွင်းမှာတောင် ကမ္ဘာ့ထိပ်တန်းရောက်နေတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားပညာရေး မြင့်မားရေးဟာ ကျဉ်းမြောင်းသော နိုင်ငံရေးအမြင်ဖြင့် မသွားဘဲ ကျယ်ပြန့်စွာ ကမ္ဘာ့အခြေအနေကို ကြည့်ပြီး ကမ္ဘာ့နှင့် ယှဉ်ပြိုင်နိုင်သည့် ပညာရေးစနစ် ထူထောင်ရန် အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အချိန်မှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကမ္ဘာ့ရွာတစ်ခု Global Village ကဲ့သို့ အခြေအနေ ရောက်နေချိန်မှာ ငါ့စာပေ ငါ့စကားသာလျှင် အဓိက ငါ့စာပေလည်း သင်ကြား ထိန်းသိမ်းရန် လိုအပ်သည်ဟု စသည့် ကျဉ်းမြောင်းသည့် အမြင်ဖြင့် တွန်းအားပေးပြီး မသွားသင့် တော့ကြောင်း ကျွန်တော့်အမြင် ဆွေးနွေးလိုပါတယ်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာ စကားဟာ မူကြို ပညာမှ တက္ကသိုလ်ပညာအထိ အဓိကပညာရပ်အဖြစ် သင်ကြားသင့်ကြောင်း တင်ပြဆွေးနွေးလို ပါတယ်။ တက္ကသိုလ် ဆေးကျောင်းသားတစ်ယောက်ဟာ ကမ္ဘာ့ရင်ဘောင်တန်း အင်္ဂလိပ်စာ ဆိုတာက Grammar ပါပါတယ်။ အင်္ဂလိပ်စာ အရေး အပြော ပြောနိုင်သူ ရေးနိုင်သူ ဖြစ်ရန် လိုအပ်ပါတယ်။ ဒါမှသာလျှင် မြန်မာနိုင်ငံ ကြီးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ ယခု တက္ကသိုလ် ကျောင်းသားတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှိပါတယ်။ ဘွဲ့ရတဲ့ လူတွေလည်း ရှိပါတယ်။ သို့သော် အင်္ဂလိပ်စကား ပြောနိုင်ရေးနိုင်တဲ့လူ ရှားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အတည်ပြု ပြီးသော အမျိုးသားပညာရေးဥပဒေကို သားသမီးတွေ ဆန္ဒအလျှောက် ပြန်လည်ပယ်ဖျက်ခြင်း၊ ပြုပြင်ခြင်း ရေးဆွဲနေတာ ဖြစ်ပါတယ်။ ကျောင်းသားများရဲ့ တောင်းဆိုချက်ဟာ ဒီမိုကရေစီနည်းလမ်းအရ လက်ခံရမှာဖြစ်လို့ အစိုးရ လွှတ်တော် အထက်ပိုင်း ခေါင်းဆောင်အကြီးအကဲများက လက်ခံပြီး ဤကဲ့သို့ ပြန်လည်ဆွေးနွေးရခြင်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျောင်းသားများ တောင်းဆိုချက်အချို့မှာ လွတ်လပ်ခွင့် လွတ်လပ်ခွင့် ဟူသော စကားလုံးများ အချက်များစွာ ပါ ပါတယ်။ လွတ်လပ်မှု အဓိပ္ပာယ်ဟာ ကျယ်ပြန့်ပါတယ်။ ဒါကြောင့် မည်သည့် ကမ္ဘာ့နိုင်ငံမဆို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်မရှိတဲ့ နိုင်ငံ မရှိဘူးလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်(၈)ဦးကို ဥပဒေကြမ်း ကော်မတီက ယနေ့ပဲ ကြားနာဖို့နဲ့ နောက်တစ်ရက်မှာ ကျန်တဲ့(၇)ဦး ဆက်လက်ဆွေးနွေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၃) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၂း၀၂ နာရီအချိန်တွင် ရပ်နားပါသည်။]